၁၉၉၅ ခု အောက်တိုဘာလမှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group    Issue No.839, November 6, 2011

APTO 502, 7-18-1 , Takinogawa , Kita-Ku, Tokyo 114-0023, JAPAN
Tel/Fax: 81 3-3949-3919, E-mail: sayarkway@yahoo.com , koko@gol.com

## ကုလအနေနဲ့ ကမ္ဘာ့နိုင်ငံရေးမှာတက်ကြွစွာပါဝင်ဖို့ ဒေါ်အောင်ဆန်းစုကြည်ပြောဆို

**RFA | နိုဝင်ဘာ ၄ ။** ။ ကုလသမဂ္ဂအနေနဲ့ ကမ္ဘာ့နိုင်ငံရေးမှာ ပိုမိုပြီး တက်တက်ကြွကြွပါဝင်လာဖို့ လိုလားကြောင်း မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်ပါတယ်။

မြန်မာနိုင်ငံကို အလည်အပတ်ရောက်နေတဲ့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ အထူးအကြံပေးအရာရှိ Mr. Nambiar နဲ့ ရန်ကုန်မြို့က ဒေါ်အောင်ဆန်းစုကြည်နေအိမ်မှာ တွေ့ဆုံအပြီး သတင်းထောက်တွေကို ပြောကြားစဉ်မှာ ပြောခဲ့တာဖြစ်ပါတယ်။

“ဗမာ့နိုင်ငံရေးတင်မဟုတ်ဘူး ကမ္ဘာ့နိုင်ငံရေးမှာ UN က ပိုပြီးတော့ တက်တက်ကြွကြွပါဝင်လာစေချင်တယ်။ ဘာဖြစ်လို့လည်းဆိုတော့ အန်တီတို့လို နိုင်ငံလေးတွေအတွက်ဆိုလို့ရှိရင် ကုလသမဂ္ဂကနေပြီးတော့ အင်အားရှိရှိနဲ့ ဝင်ပါနိုင်တာဟာ အကျိုးရှိတယ်။ အဲဒါမျိုးကိုတော့ အဲန်တီလိုလားပါတယ်။”

ကုလသမဂ္ဂအနေနဲ့ မြန်မာနိုင်ငံကို နိုင်ငံငယ်တွေရဲ့ အရေးမှာပါဝင်ဆောင်ရွက်ပေးတာဟာ အားရစရာဖြစ်ပေမယ့် မြန်မာနိုင်ငံအတွက်သာမက အခြားကမ္ဘာ့နိုင်ငံတွေအရေးတွေမှာလည်း တက်ကြွစွာဆောင်ရွက်ပေးဖို့ ဒေါ်အောင်ဆန်းစုကြည်က တိုက်တွန်းပါတယ်။

ဒေါ်အောင်ဆန်းစုကြည် အခုလိုပြောကြားတဲ့နေ့ မတိုင်ခင်တရက်မှာ တိုင်းရင်းသားလူမျိုးများကောင်စီ ENC က ထိုင်းနိုင်ငံမှာပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာ ENC အတွင်းရေးမှူး ဒေါက်တာရွှေခါးက မြန်မာနိုင်ငံရဲ့ တိုင်းရင်းသားအရေးကို ကူညီဖြေရှင်းပေးဖို့ မြန်မာပြည်ဆိုင်ရာကုလသမဂ္ဂအထူးသံကိုယ်စားလှယ်ကို စာရေးတောင်းဆိုခဲ့ပါတယ်။

Mr. Nambiar ဟာ အောက်တိုဘာလ ၃၁ ရက်နေ့စပြီး မြန်မာနိုင်ငံကို ၅ ရက်ကြာခရီးအစဉ်အဖြစ်ရောက်ရှိနေစဉ်အတွင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်တို့နဲ့တွေ့ဆုံပြီး နေပြည်တော် Convention Center မှာကျင်းပတဲ့ သဘာဝပတ်ဝန်းကျင် နီးနှောဖလှယ်ပွဲကို တက်ရောက်ခဲ့ကြောင်း သိရပါတယ်။

မနေ့တုန်းကလည်း ဧရာဝတီတိုင်းဒေသကြီးအတွင်းက နာဂစ်မုန်တိုင်းသင့် ဒုက္ခသည်တွေအတွက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွေမှာ အကူအညီပေးနေတဲ့ လုပ်ငန်းတွေအပါအဝင် တခြားကုလသမဂ္ဂဆိုင်ရာအဖွဲ့များမှ ထောက်ပံ့နေတဲ့ အစီအစဉ်တွေကို သွားရောက်လေ့လာခဲ့ပါတယ်။

ဒီခရီးစဉ်အတွင်း ဧရာဝတီတိုင်း ဒေသကြီးဝန်ကြီးချုပ်နဲ့တွေ့ဆုံခဲ့တယ်လို့ ရန်ကုန်ကုလသမဂ္ဂပြန်ကြားရေးတာဝန်ခံ ဦးအေးဝင်းက RFA ကို ပြောဆိုခဲ့ပါတယ်။

“ဧရာဝတီတိုင်း ဒေသကြီးရဲ့ ပြည်နယ်ဝန်ကြီးချုပ်နဲ့ တွေ့ပါတယ်။ နောက်ပြီးတော့ UNDP Project တာဝန်ခံတယောက်၊ အခု ဒေါ်အောင်ဆန်းစုကြည်၊ ညနေကျရင်တော့ အတွင်းရေးမှူးချုပ်ဦးသန့်ရဲ့ ကျမ်းသစ္စာဆိုတဲ့နေ့ နှစ် ၅၀ ပြည့်တဲ့နှစ်ဖြစ်တဲ့အတွက် ကျနော်တို့ဆီမှာ အခမ်းအနားရှိတယ် အဲဒီအခမ်းအနားအစီအဉ်ကို တက်ရောက်ပါမယ်ခင်ဗျာ။”

ရန်ကုန်ရုံး ကုလသမဂ္ဂပြန်ကြားရေးတာဝန်ရှိသူ ဦးအေးဝင်းမှ ပြောဆိုခဲ့တာဖြစ်ပါတယ်။


| | | | | | |
|---|---|---|---|---|---|
| **အဖွဲ့ချုပ်မှ မှတ်ပုံတင်ရေး မတင်ရေးနှင့် ရွှေဂုံတိုင်ကြေညာစာတမ်းပါအချက်** | **ကုလအထွေထွေအတွင်းရေးမှူးချုပ် မကြာခင် မြန်မာနိုင်ငံသွားရောက်မည်** | **ပြည်သူတွေကိုအေးမြတဲ့ အရိပ်အောက် ပို့ ပေးဖို့ဟာ ကျမတို့ ရဲ့ တာဝန်ဖြစ်တယ်** | **အမေရိကန်အထူးကိုယ်စားလှယ်နှစ်ဦး ဦးဝဏ္ဏမောင်လွင်နှင့် နေပြည်တော်မှာတွေ့** | **ပေဒါစေနတာစာသင်ကျောင်းသင်တန်းဆင်းပွဲ ဒေါ်အောင်ဆန်းစုကြည် တက်ရောက်** | KNU **နှင့်** BKBA **အစိုးရကိုယ်စားလှယ်တို့ မော်လမြိုင်တွင် တွေ့ဆုံ ဆွေးနွေး** |
| **စာမျက်နှာ ၃** | **စာမျက်နှာ ၅** | **စာမျက်နှာ ၈** | **စာမျက်နှာ ၁၂** | **စာမျက်နှာ ၁၆** | **စာမျက်နှာ ၁၉** |

**VOB အာဘော်**

# အဖွဲ့ချုပ် မှတ်ပုံတင်ရေး မတင်ရေး အငြင်းပွား

လတ်တလော မြန်မာနိုင်ငံရေးဇာတ်ခုံတွင် အဖွဲ့ချုပ် မှတ်ပုံတင်ရေး မတင်ရေး အငြင်းပွားသံတွေ ကြယ်ကြယ်လောင်လောင်ဖြစ်နေသည်။ အဖွဲ့ချုပ်ခေါင်းဆောင်များကလည်း မှတ်ပုံတင်ရေးကို စဉ်းစားနေကြောင်း ထုတ်ဖော်ပြောဆိုထားသည်။

သမတဦးသိန်းစိန်ကလည်း ရွေးကောက်ပွဲဆိုင်ရာ ဥပဒေတချို့ကို ပြင်ဆင်ပေးလိုက်ပြီး အဖွဲ့ချုပ်ကို လွှတ်တော်တွင်းရောက်ရှိရေး လမ်းဖွင့်ပေးလိုက်ပါသည်။ သမတဦးသိန်းစိန်မှ ယခုကဲ့သို့ အဖွဲ့ချုပ်ကို လွှတ်တော်တွင်းသို့ဝင်ရေး အမှန်တယ်ရိုးသားစွာလမ်းဖွင့်ပေးသည်၊ သို့မဟုတ် ပရိယာယ်နှင့် ဖွင့်ပေးသည် ဆိုသည်ကိုတော့ မည်သူမှအတိအကျမသိနိုင်ပေ။

သေချာတာတခုကတော့ ရွေးကောက်ပွဲတွင် ဘယ်ကမှန်းမသိသည့်ကြိုတင်မဲများ၊ မဲခိုး၊ မဲလိမ်နှင့် အစိုးရဖြစ်လာသော သမတဦးသိန်းစိန်အစိုးရကို မည်သူမှယုံကြည်မှုမရှိပေ။ အထူးသဖြင့် နောက်ကွယ်ရှိ ကြိုးကိုင်ဆဲ စစ်ဗိုလ်အုပ်စု၏ အကောက်ကြံ ညစ်နည်းပေါင်းစုံနှင့် လူထုကို အနိုင်ကျင့်အုပ်ချုပ်ခဲ့မှုကြောင့် ပို၍ မယုံကြည်ကြပေ။

အစိုးရကျောထောက်နောက်ခံပေးထားသည့် အင်တာနက်စာမျက်နှာများတွင် ဒေါ်အောင်ဆန်းစုကြည်ကို ဆက်လက်အပုတ်ချရေးသားနေသည်။ ဤကဲ့သို့ရေးသားမှုများတွင် လက်ရှိအစိုးရတွင်တာဝန်အရှိဆုံး သမတဦးသိန်းစိန်သိရှိမည်ဟုယူဆသည်။ ဤသို့ဆိုလျှင် ဒေါ်အောင်ဆန်းစုကြည်ပြောဆိုနေသလို သမတဦးသိန်းစိန်အနေဖြင့် ရိုးသားသူဖြစ်ပါသည်၊ အပြောင်းအလဲအမှန်တကယ်လိုလားသူဖြစ်သည်ဟုဆိုနေခြင်းအပေါ် ဦးသိန်းစိန်အား မေးခွန်းထုတ်စရာဖြစ်နေပါသည်။

အဖွဲ့ချုပ် မှတ်ပုံတင်သင့် မတင်သင့်ကို မဝေဖန်လိုပေ။ အမျိုးသားခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်၏ သစ္စာ သမာဓိ သိက္ခာ ပညာကြွယ်ဝမှု၊ အမျော်အမြင်ကြီးမားမှုများကို အလေးအနက်ယုံကြည် လေးစားတန်ဖိုးထားသည်။ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ပြည်သူလူထု၏ ယုံကြည်လေးစားမှုထောက်ခံမှုကိုရရှိထားသည့်အပြင် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာခေါင်းဆောင်များ၏ လေးစားထောက်ခံအားပေးမှုကိုလည်း ရရှိထားသူဖြစ်သည်။

အထက်လွှတ်တော် အောက်လွှတ်တော်နှစ်ရပ်တွင် ကြံ့ဖွံ့နှင့် ၂၅ ရာခိုင်နှုန်း တမတ်သား စစ်တပ်ပါလီမန်ပေါင်းလျှင် ရာခိုင်နှုန်း ၈၀ ကျော်ကို လက်ရှိအစိုးရမှ ပိုင်ဆိုင်ထားပြီးဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ အဖွဲ့ချုပ်အနေဖြင့် လွှတ်တော်တွင်းရောက်ရှိသွားပါက မဲရာခိုင်နှုန်းအရ စိတ်တိုင်းကျ ပြောဆိုလုပ်ကိုင်နိုင်ပါ့မလားဆိုတာကို စဉ်းစားစရာဖြစ်ပါသည်။ အဖွဲ့ချုပ်ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကို ယုံကြည်လေးစားထောက်ခံသူများအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်သည် မှန်ကန်သောဆုံးဖြတ်ချက်ကို ချနိုင်လမ့်မည်ဟု လုံးဝယုံကြည်ထားသည်။

အပြောင်းအလဲကို အကောင်းဘက်မှရှုမြင်သူများအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်လွှတ်တော်တွင်း ရောက်ရှိသွားမည်ကို စိုးရိမ်နေကြပါသည်။ ဦးသိန်းစိန်၏ ကြံ့ဖွံ့ပါတီနှင့်တမတ်သားစစ်တပ်ပါလီမန်တို့ အများစုကြီးစိုးချယ်လှယ်ထားသည့် လွှတ်တော်တွင်းသို့ဝင်ရောက်သွားပါက၊ လက်ရှိအတိုက်အခံအမတ်များကဲ့သို့ပင် ဒေါ်အောင်ဆန်းစု၏ အဆိုတင်သွင်းမှု၊ မေးခွန်းထုတ်မှုများကို ပယ်ချခြင်း ကန့်ကွက်ခြင်းဖြင့် တန်ဖိုးရှိ အချိန်တွေကုန်သွားမည်ကို စိုးရိမ်မိပါကြောင်း။

# ဒေါ်အောင်ဆန်းစုကြည်နှင့် အမေရိကန်အရာရှိများ တွေ့ဆုံဆွေးနွေး

**RFA ၊ နိုဝင်ဘာ ၄ ။** ။ မြန်မာနိုင်ငံကို သွားရောက်ခဲ့တဲ့ အမေရိကန် ထိပ်တန်း သံအရာရှိ နှစ်ဦးဖြစ်တဲ့ Michael Posner နဲ့ Derek Mitchell တို့ရဲ့ခရီးစဉ်အပြီးမှာ မြန်မာနိုင်ငံကို အကူအညီတွေ ပိုမိုပေးသွားဖို့ကတိပြု ပြောကြားလိုက်ပါတယ်။

မြန်မာနိုင်ငံရဲ့လက်ရှိ အခြေအနေဟာ အသွင်ကူးပြောင်းရေးရဲ့ အစပိုင်းကိုရောက်နေပြီလို့ အမေရိကန် အစိုးရရဲ့ လူ့အခွင့်အရေးဆိုင်ရာ ထိပ်တန်းအရာရှိကြီး မစ္စတာပေါ့စနာက ရန်ကုန် အမေရိကန် သံရုံးမှာ ပြောကြားခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ အားတက်စရာကောင်းတဲ့ လုပ်ဆောင်ချက်တချို့ကို တွေ့ခဲ့ရတယ်လို့လည်းသူကပြောဆိုကြောင်းအမေရိကန်အစိုးရရဲ့ထုတ်ပြန်ချက်မှာ ဖေါ်ပြထားပါတယ်။

နိုင်ငံရေးအကျဉ်းသား ၂၀၀ ကျော်လွှတ်ပေးခဲ့တာကို ကြိုဆိုကြောင်း အမေရိကန်အရာရှိနှစ်ဦးလုံးက ပြောဆိုပါတယ်။ အခုလိုကြိုဆိုရတာဟာလည်းနောက်ထပ်ကျန်ရှိနေတဲ့နိုင်ငံရေးအကျဉ်းသားအားလုံးကို ပြန်လွှတ်ပေးစေလိုတဲ့အတွက် ဖြစ်တယ်လို့ဆိုပါတယ်။

ဒ့ါအပြင် နိုင်ငံရေးပါတီ အသစ်တွေ မှတ်ပုံတင်ခွင့်ပြုဖို့၊လွတ်လပ်စွာအသင်းအဖွဲ့တွေ ဖွဲ့စည်းခွင့်ပြုဖို့ အပါအဝင် နိုင်ငံရေးအပြောင်းအလဲတွေပြုလုပ်ဖို့ ကတိပြုထားတာတွေကို အကောင်အထည်ပေါ်လာစေလိုတဲ့အတွက် ကြိုဆိုရတာဖြစ်ကြောင်း အမေရိကန်အစိုးရကိုယ်စားလှယ်အရာရှိနှစ်ဦးက ပြောပါတယ်။

အခုချက်ချင်းမဟုတ်ပေမဲ့ အမေရိကန်ပြည်ထောင်စုနဲ့ မြန်မာနိုင်ငံအကြား သံတမန်ဆက်ဆံရေးဟာ ပုံမှန်အနေအထားကို ပြန်လည်ရောက်ရှိလာနိုင်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်အစိုးရရဲ့အထူး ကိုယ်စားလှယ်မစ္စတာ ဒဲရစ်မစ်ချဲက ပြောပါတယ်။

မြန်မာနိုင်ငံမှာ ထူးခြားတဲ့အပြောင်းအလဲတွေ ဆက်ဖြစ်ပေါ်လာပါက နှစ်နိုင်ငံအစိုးရတွေအကြား ဆက်ဆံရေးဟာ ပိုမိုပျော့ပျောင်းလာမှာဖြစ်ကြောင်းကိုလည်း မိုက်ကယ်ပို့စနာက ပြောဆိုခဲ့ပါတယ်။

မြန်မာနိုင်ငံအတွက် အသေးစားချေးငွေနဲ့ လယ်ယာ စိုက်ပျိုးရေးကဏ္ဍအတွက် အကူအညီတွေ တိုးချဲ့ပေးသွားဖို့စဉ်းစားနေတယ်လို့လည်း မစ္စတာ ဒဲရစ်မစ်ချဲက ပြောပါတယ်။

မစ္စတာမစ်ချဲဟာ မြန်မာကာကွယ်ရေးဦးစီးချုပ်နဲ့ ပထမဆုံးအကြိမ်အဖြစ် တွေ့ဆုံစကားပြောခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့နယ်မြေတွေမှာ အကြမ်းဖက်တိုက်ခိုက်မှုတွေနဲ့ပတ်သက်လို့ ဆွေးနွေးခဲ့ကြောင်း သိရပါတယ်။

# အဖွဲ့ချုပ်မှ မှတ်ပုံတင်ရေး မတင်ရေးနှင့် ရွှေဂုံတိုင်ကြေညာစာတမ်းပါအချက်

**Mizzima ၊ အောက်တိုဘာ ၃၁ ။ ။**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အနေဖြင့် ပြန်လည် မှတ်ပုံတင်ရေး/ မတင်ရေးနှင့် ပါတ်သက်၍ ပါတီခေါင်းဆောင်များအတွင်း ဆွေးနွေးညှိနှိုင်းကာ ဤရက်သတ္တပါတ်အတွင်း ဆုံးဖြတ်ချက်ချမည့် သတင်းများထွက်ပေါ်လာနေသည်။

NLD အနေဖြင့် ၂၀၁၀ ရွေးကောက်ပွဲ ဝင်ရေး/မဝင်ရေးနှင့် ပတ်သက်၍ သဘောထားရပ်တည်ချက်အား ၂၀၀၉ ဧပြီ ၂၉ ရက် စွဲဖြင့် 'ရွှေဂုံတိုင် ကြေညာစာတမ်း' အား ထုတ်ပြန်တုန့်ပြန်ခဲ့ဖူးသည်။

ကြေညာစာတမ်းတွင် 'နိုင်ငံရေးအကျဉ်းသားအားလုံး ခြွင်းချက်မရှိ ပြန်လွှတ်ပေးလျှင်၊ ၂၀၀၈ အခြေခံ ဥပဒေမှ ဒီမိုကရေစီစံနှုန်းများဖြင့် မကိုက်ညီသည့်အချက်များကို ပြင်ဆင်ပေးလျှင်၊ လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲ အဖြစ် နိုင်ငံတကာ စောင့်ကြပ်လေ့လာမှုကို ခွင့်ပြုလျက် ကျင်းပမည်ဆိုလျှင်' ရွေးကောက်ပွဲအား ဝင်ရောက်ယှဉ်ပြိုင်ရန် အလေးထားစဉ်းစားမည်ဟု ပါတီ၏သဘောထားကို ထုတ်ပြန်ခဲ့ပြီး ၂၀၁၀ နိုဝင်ဘာရွေးကောက်ပွဲအား မဝင်ဘဲ သပိတ်မှောက်ခဲ့ဖူးသည်။

ဤကြေညာစာတမ်းပါ မူများအပေါ်ယခု ဆက်လက်ရပ်တည်မှုအခြေအနေနှင့်ပတ်သက်၍ NLD ဗဟို အလုပ်အမှုဆောင် အဖွဲ့ဝင် အတွင်းရေးမှူး ဦးဝင်းတင်အား မဇ္ဈိမ သတင်းထောက် ကိုပေါက် က ဆက်သွယ်မေးမြန်းထားသည်။

**Mizzima ။ ။** အကယ်၍ ပါတီဟာ မှတ်ပုံတင်လိုက်မယ်ဆိုရင် ရွှေဂုံတိုင် ကြေညာစာတမ်းပါ မူတွေအပေါ်မှာရော ဘယ်လို ဆက်လက်ပြီး ရပ်တည် သွားဖို့ ရှိမလဲခင်ဗျ။

**ဦးဝင်းတင် ။ ။** အဲဒီအခက်အခဲတွေကတော့ ရှိနိုင်တာပေါ့ဗျာ။ ကြုံရင်လည်းကြုံမှာပဲ။ ဒီဟာတွေကိုလည်း ဖြေရှင်းရမှာပေါ့။ ရွှေဂုံတိုင်ကြေညာစာတမ်းလုပ်တဲ့အချိန်တုန်းက အနေအထားတွေနဲ့ ခုအနေအထားတွေတော့ ဘယ်လောက်ကွာသလဲဆိုတာ ဒါလည်း ပါတီက စဉ်းစားရမှာပေါ့။ ပါတီက ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ရှင်းလင်းဖော်ပြခြင်းတော့ ရှိမယ်လို့ ကျနော်လည်း ယုံပါတယ်။

**Mizzima ။ ။** ကြေညာစာတမ်းက ပါတီရဲ့ ခေါင်းဆောင်ပိုင်းတွေရော၊ ပြည်နယ်/တိုင်းစည်းရုံးရေးမှူးတွေရော၊အမျိုးသမီးလုပ်ငန်းအဖွဲ့၊လူငယ်လုပ်ငန်းအဖွဲ့တို့ ဆွေးနွေးပြီးမှ ထွက်ပေါ်လာခဲ့တာဆိုတော့ ပါတီရဲ့မူလို့ ပြောနိုင်မလားဆရာ။

**ဦးဝင်းတင် ။ ။** ပြောမယ်ဆိုရင်လည်း ပြောနိုင်ပါတယ်။ သို့သော် ခုနက ပြောသလို ကာလချင်းတော့ ကွာမှာပေါ့။ အဲဒီတုန်းက အခြေအနေနဲ့အခုအခြေအနေ ဘယ်လောက်ကွာခြားလဲဆိုတဲ့ သုံးသပ်ချက်တွေအပေါ်မှာတော့တည်မယ်။ သုံးသပ်ချက်ကွာခြားမှုအပေါ်မှာ ကြည့်ပြီးတော့ ရပ်တည်ချက်တွေလည်း ကွာခြားချက်ရှိနိုင်တယ်လို့ပြောလို့ရနိုင်တာပေါ့။

**Mizzima ။ ။** ရွှေဂုံတိုင်ကြေညာစာတမ်းပါ တောင်းဆိုထားတဲ့ အချက် ၃ ချက်ကရော ၂ နှစ်ကျော်အကြာမှာ ဘယ်လောက်ရပြီလို့ ပြောနိုင်မလဲဆရာ။

**ဦးဝင်းတင် ။ ။** အခြေခံဥပဒေပြင်ဆင်ရေးနဲ့ပတ်သက်လို့ ခုထိတော့ အမှန်အတိုင်းကတော့ မတွေ့ရသေးဘူးပေါ့ဗျာ။ နိုင်ငံရေးအကျဉ်းသားလွှတ်ရေးနဲ့ပတ်သက်လို့ကတော့တစုံတရာသော အတိုင်းအတာထိတော့ လုပ်ကိုင်နေတယ်လို့ပဲ ယူဆရမှာပဲ။ အခုထိတော့ နိုင်ငံရေးအကျဉ်းသားတွေ လွှတ်တဲ့ဟာ အားရကျေနပ်ဖွယ်မရှိဘူးလို့ပဲ ကျနော်တို့ပြောပါတယ်။ Constitution ပြင်ရေးနဲ့ပတ်သက်လို့တော့ ဘယ်လိုရှိမလဲဆိုတာတော့ စောင့်တော့ နည်းနည်းကြည့်ရမှာပေါ့။ အခြေခံဥပဒေပြင်ဆင်ရေးနဲ့ပတ်သက်လို့ သူတို့ထဲမှာ လှုပ်ရှားမှုတွေရှိသလား။ သို့မဟုတ်ရင်လည်း NLD ခေါင်းဆောင်ပိုင်းအနေနဲ့ လွှတ်တော်ထဲကို ရောက်သွားပြီးတဲ့အချိန်မှာ အခြေခံဥပဒေပြင်ဆင်ရေးကို အားထုတ်မယ်ဆိုတဲ့ ကတိကဝတ်တွေနဲ့ပဲ သွားမှာလား။ အဲဒါလည်း နည်းနည်းတော့ ချိန် ကြည့်ရမှာပဲလို့ ကျနော်ထင်ပါတယ်။

**Mizzima ။ ။** ဒီအချက်တွေ မရဘဲ မှတ်ပုံတင်လိုက်မယ်ဆိုရင်ကောဒီမူတွေနဲ့ ငြိစွန်းသွားနိုင်မယ်လို့ကော ယူဆလား ဆရာ။

**ဦးဝင်းတင် ။ ။** ပြောဖို့ခက်တော့ ခက်ခက်ပဲ။ ဒီ မူလတောင်းဆိုချက်တွေအတိုင်း ရပ်တည်ရမယ့် ဝတ္တရားတော့ ပါတီမှာရှိတာပေါ့။ သို့သော် ပါတီခေါင်းဆောင်ပိုင်းက ဒီဟာတွေနဲ့ပတ်သက်ပြီး ဘယ်လိုရှင်းလင်းမလဲဆိုတဲ့ဟာကတော့ကိစ္စတမျိုးပဲလို့ကျနော်ကတော့အဲလိုပဲပြောချင်ပါတယ်။ ပါတီခေါင်းဆောင်တွေမှာ ဒါတွေကိုရှင်းလင်းဖို့ တာဝန်တော့ရှိတာပေါ့ဗျာ၊ အဲဒါကတော့ စောင့်ကြည့်ပါလို့ ပြောချင်ပါတယ်၊ ဒီကိစ္စက ကျနော်တယောက်ထဲကတော့ ဖြေလို့သိပ်မလွယ်။ ဘာ့လို့လဲဆိုတော့ ဒါဟာ ပါတီခေါင်းဆောင်ပိုင်းတခုလုံးရဲ့အဆုံးအဖြတ်ပုံစံနဲ့သာ တုန့်ပြန်ဖို့ ကောင်းတဲ့ဟာ ဖြစ်နေတာကိုးဗျ။

**Mizzima ။ ။** ဒီကိစ္စနဲ့ပတ်သက်ပြီး စီအီးစီ အစည်းအဝေးကို သောကြာနေ့လောက် မျှော်မှန်းထားပါသလားဆရာ။

**ဦးဝင်းတင် ။ ။** ဟုတ်တယ်။ သောကြာနေ့လောက်ကျမှပဲ။ သောကြာနေ့တောင် ဘယ်လိုဖြစ်မယ်ဆိုတာ မသိဘူး။ ဒါပေမယ့် ဒီကြားထဲမှာတော့ အစည်းအဝေးတွေဘာတွေရဲ့ အနေအထားက အဲဒီ (မှတ်ပုံတင်ရေး/ မတင်ရေး)ကို ရောက်မယ့်အနေအထားမရှိဘူးလို့ ကျနော်နားလည်တယ်။ သောကြာနေ့အထိကတော့ ဖြစ်ဖို့လမ်းတော့ သိပ်မရှိဘူးလို့ပဲ ပြောချင်ပါတယ်။

---

**အချုပ်အချာ အာဏာကို ပြည်သူသာ ပိုင်ရမည်**

# အားလပ်ရက် ၃

**ဂျပန်နိုင်ငံမှ စက်တင်ဘာ ၂၆ ထုတ် မိုင်အိနိချိသတင်းစာပါ ဒေါ်အောင်ဆန်းစုကြည်ရေးသားတဲ့ HOLIDAY - 3 မြန်မာပြန်ကို မျှဝေ လိုက်ပါတယ်။(ဘာသာပြန်ဆိုသူ မောင်မောင်လှကြိုင်)**

ပုဂံမှာ တတိယမြောက်သွားဖူးခဲ့တဲ့ဘုရားကတော့ သဗ္ဗညုစေတီဖြစ်ပါတယ်။ စေတီတော်ရဲ့ သပ္ပာဇာတမျှတဲ့ အချိုးအစားနဲ့ လှေခါးထစ် အထပ်အလွှာများဖြင့် ရှေးဟောင်းဘာသာရေး အဆောက်အဦးများတွင် အမြင့်မားဆုံးဖြစ်နေပါတယ်။ အသပ္ပါယ်ဆုံးစေတီများအနက် စေတီတဆူလဲဖြစ်ပါတယ်။ ၁၉၉၀ ခုနှစ်များ အထိ ဘုရားဖူးများကို စေတီတော်ရဲ့ အထပ်အလွှာများပေါ်တက်ကာ အတုမရှိတည်ငြိမ်မှု ဖြန့်ကျက်ထားတဲ့ ပုဂံရဲ့ ငြိမ်းအေးသာယာခြင်းကို ငုံ့ကြည့်ခွင့်ပေးခဲ့ပါတယ်။

“ဒီနေရာကို ရောက်ခဲ့ဖူးပြီ” လို့ ဖော်ပြနိုင်တဲ့ ဓါတ်ပုံများအတွက်တိကျတဲ့နေရာတခုပါပဲ။ ကျမနုစဉ်အချိန်တွေတုန်းကဒီအလွှာအထပ်များရဲ့အဆင့်တခုပေါ်မှာ မောင်နှမဝမ်းကွဲတယောက်နဲ့ ဦးလေးတယောက်နဲ့အတူထိုင်ရင်း ယျောဘူယျအားဖြင့် ကျမတို့အားလုံးဟာ ကိုယ့်ကိုယ်ကိုနဲ့ဘဝကို ကြေနပ်ပျော်ရွှင်စွာကြည့်မြင်ခဲ့ကြပါတယ်။

ထိန်းသိမ်းစောင့်ရှောက်ဘို့အလို့ငှာ ဒီအထပ်အလွှာများပေတက်ခွင့် ပိတ်ပင်လိုက်တဲ့အချိန်ကစပြီး သဗ္ဗညုစေတီတော်ကိုတော်ကို လာရောက်ဖူးမျှော်သူအရေအတွက် သိသိသာသာလျော့ကျသွားခဲ့ပါတယ်။ ယခုအချိန်တွင် စေတီတော်မှာ ဥပက္ခာအပြုခံနေရပြီး လှပသပ္ပါယ်ခြင်းကို ပြန်လည်ဖော်ထုတ်ရန်အတွက် စောင့်မျှော်နေရတဲ့ ကြေကွဲတမ်းတနေပုံပေ လွှင်နေပါတယ်။အတွင်းနံရံများ အပေါ်ခမ်းကြမ်းကြမ်းသုတ်ထားတဲ့ ထုံးရည်များအောက်မှာ ရှေးရေဆေးပန်းချီများရှိနေပါတယ်။ ဒီဟာတွေကို အနုပညာ ပြန်လည်မ်မွမ်းမံမှု ကျွမ်းကျင်သူများဖြင့် ပြုပြင်ပေးရဦးမှာ ဖြစ်ပါတယ်။

ထိန်းသိမ်းစောင့်ရှောက်ခြင်းဟာ အနည်းဆုံးဖြစ်နေပါတယ်။ ယဉ်ကျေးမှုနဲ့သမိုင်းဆိုင်ရာအထင်ကရဖြစ်တဲ့ အဆောက်အဦးတခုအတွက် ဝမ်းနည်းကြေကွဲဖွယ်ရာ အခြေအနေမျိုးပါပဲ။ ပုဂံနဲ့ သူ့ပတ်ဝန်းကျင်မှာ ပြုပြင်မွမ်းမံထိန်းသိမ်းမှုတွေအများကြီးလိုအပ်လျက်ရှိနေပါတယ်။ သမိုင်းဝင်အဆောက်အဦးတွေကပဲစပြောရမှာပါပဲ။ ၁၉၉၀ ခုနှစ်များအတွင်း ပြန်လည်မွမ်းမံရေးလုပ်ခဲ့ကြတာတွေဟာ အထူးကျွမ်းကျင်သူအကြံပေးချက်ရဲ့ အကျိုးသက်ရောက်မှုများမပါရှိပဲဆောက်ရွက်ခဲ့ကြတာပါ။ အကောင်းဖြစ်ထက် အမြန်ဆုံးပြီးစီးမှုကို ရှေ့ရှုလုပ်ဆောင်ခဲ့ကြတာပဲဖြစ်ပါတယ်။ ပုဂံကို အခုအနေအထားနဲ့ တွေ့မြင်ရတိုင်း မျက်ရည်စို့ရတဲ့ ငိုယိုခဲ့ကြရတဲ့အနုပညာနဲ့ရှေးဟောင်းသုတေသနကိုမြတ်နိုးသူများရှိနေကြောင်းကိုကျမသိခဲ့ရပါတယ်။

ဒါပေမယ့်စေတီပုထိုးလွှင်ပြင်ကိုကမ္ဘာလှည့်ခရီးသွားများကိုဆွဲဆောင်ဖို့အလောတကြီးလုပ်ဆောင်မှုရဲ့ ဖျက်ဆီးခြင်းကိုခံနေရတဲ့ မြတ်နိုးဖွယ်ဘုရားကျောင်းကန်များရဲ့ မူရင်းစစ်မှန်မှုကို ဂရုစိုက်မှုနဲ့ ကျွမ်းကျင်မှုများဖြင့် ပြန်လည်ပြုပြင်ရနိုင်ခြေရှိနေပါသေးတယ်။ စေတီငယ်များစွာဟာ တာရှည်ပစ်ထားခံရတဲ့ ယိုယွင်းမှုရဲ့ ကံကောင်းတဲ့အခြေအနေမှာပဲ ရှိနေသေးတယ်လို့ဆိုရမှာပါ။ ဒါတွေကိုလဲ မူလအခြေအနေအတိုင်း နီးနီးစပ်စပ်တူအောင် ပြန်လည်မွမ်းမံရမှာပါ။ ဒါမှမဟုတ် ဖျက်ဆီးမှုဒဏ်ခံစားခဲ့ရတဲ့ အချိန်ရဲ့ မျက်မြင်သမိုင်းအသွင် ပျက်စီးမှုအဆင့်ဆင့်များကို မြို့တော်ဟောင်းပေါ်မှာ ပုံဖော်ပြင်ဆင်ထိန်းသိမ်းရမှာပါ။

အထူးကျွမ်းကျင်သူများအတွက် ကိစ္စရပ်များရှိနေကြပါတယ်။ ဒါပေမယ့် သူတို့လုပ်ငန်းများမစခင်မှာ ပုဂံကိုကာကွယ်ရန်နဲ့ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ဖို့လိုအပ်ကြောင်း လူ့ဆော်သတိပေးရေးကို ကျမတို့မြှင့်တင်လုပ်ဆောင်ပေးရမှာဖြစ်ပါတယ်။ ကျမတို့နိုင်ငံသမိုင်းမှာ အရေးကြီးတဲ့ အထင်ကရသမိုင်း မှတ်တိုင်ဖြစ်ရုံမကကမ္ဘာရဲ့ယဉ်ကျေးမှုအမွေအနှစ်တစိတ်တပိုင်းဖြစ်နေတယ်ဆိုတာကိုပေ့ါ။ ရှေးဟောင်းအဆောက်အဦးများသာ ထိန်းသိမ်းစောင့်ရှောက်ခံမှုနဲ့ကာကွယ်မှုရယူဖို့ လိုအပ်တာမဟုတ်ပါ။ ပုဂံတပိုက်ရှိ ဒေသတခုလုံးက အချစ်အခင်အမြတ်အနိုးခံဖို့ အထိန်းသိမ်းအစောင့်အရှောက်ခံဖို့ ငိုကြွေးတမ်းတနေကြတာပါ။

တနာရီ ကားစီးသွားတော့ ဒေသရဲ့ နောက်ဆုံးအကြွင်းအကျန်ဖြစ်တဲ့ အင်ကြင်းတောကို ရောက်ခဲ့ကြပါတယ်။ သူ့ရဲ့ ပတ်ဝန်းကျင်ကြမ်းတမ်းမှုအလယ်မှာတော့ အကြီးကျယ်ခမ်းနားတဲ့ “အိုအေစစ်ပေ့ါ”။ အင်ကြင်း (Pentacme-siamensis) ဟာ ထူးခြားဆုံးသစ်ပင်ဖြစ်ပါတယ်။ သက်တမ်းရင့်ချိန်မှာ သေဆုံးသွားပေမယ့် သူ့ရဲ့အသားဟာ ဆွေးမြေ့သွားရမဲ့အစား ကျောက်သားပြင်လိုအရာဝတ္ထုအဖြစ်ပြောင်းလဲသွားပါတယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ခြင်းဥပဒေက ထိုဒေသမှာ သစ်ခုတ်လဲခြင်းကို တားမြစ်ထားပါတယ်။ ဒါပေမယ့် သစ်ပင်များဟာ အာမခံချက်နည်းပါးလျက် ပိန်လှီနေတဲ့ အသွင်ဆောင်နေကြပါတယ်။ သန်မာတဲ့ ပင်ပျိုများပေါက်ရောက်တဲ့ အထောက်အထားလဲ မရှိသလောက်ပါပဲ။

သစတောသစ်ပင်အုပ်ကို လေ့လာတဲ့ ကျွန်ုပ်တို့အဖွဲ့မှာ စာနယ်ဇင်းသမားအယောက် ၂၀ ခန့်ပါဝင်ပါတယ်။ ပုဂံကို လာခဲ့တဲ့ အားလပ်ရက်မှာသီးသီးသန့်သန့်ဖြစ်နိုင်လိမ့်မယ်လို့ ကျမ မျှော်လင့်မိခဲ့ပါတယ်။ ဒါပေမယ့် ဒီလို ဖြစ်မလာခဲ့ပါ။ လက်ရှိအခြေအနေရဲ့ အကောင်းဆုံးဖြစ်အောင်အတွက် စာနယ်ဇင်းသမားများကိုလဲ ကျွန်ုပ်တို့အုပ်စုရဲ့ တိုးချဲ့အဖွဲ့ဝင်များအဖြစ် ကျမ သတ်မှတ်လိုက်ပါတယ်။ ဒီလိုသဘောထားလိုက်ခြင်းဖြင့် သူတို့တတွေဟာ ခင်မင်ရင်းနှီးကာ ပါဝင်ပူးပေါင်းဆောင်ရွက်လာကြပါတယ်။ ကျွန်ုပ်တို့ရဲ့ အကြံအစည်က သစ်တောအတွင်း ချောင်ကျကျတနေရာမှာ အေးဆေးစွာနေလည် ပျော်ပွဲစားတခုတည်ခင်းဖို့ဖြစ်ပါတယ်။ ဒါပေမယ့် ကျမတို့အဲဒီနေရာကိုရောက်တော့ကျမတို့ကိုတွေ့ဖို့လာတဲ့ ရွာနီးချုပ်စပ်ကလာတဲ့ လူအုပ်ကြီးကိုတွေ့ မြင်လိုက်ရပါတယ်။ အဲဒီရွာကလေးဟာ ကဗျာဆန့်တဲ့ “ဇီးအို–သစ်လှ–နတ်ထိန်း–အင်ကြင်းတောအမည်ကို ဆောင်ထားပါတယ်။ အဲဒါဟာ “ဟိုက်ခု” ကဗျာလေးလိုပါပဲ။ ဂျပန်နိုင်ငံနဲ့ ဒီရွာလေးဟာ ဆက်နွှယ်မှုရှိနေတာကို မမျှော်လင့်ပဲတွေ့ရပါတယ်။

အမျိုးသမီးများကို သူတို့ရွာရဲ့ အလိုချင်ဆုံးအရာဟာ ဘာလဲလို့ကျမမေးကြည့်လိုက်တော့ သူတို့က “ရေ”လို့ ပြန်ဖြေကြပါတယ်။ လွန်ခဲ့တဲ့အနှစ်အနည်းငယ်အကြာက Bridge Asia Japanကုမ္ပဏီက သူတို့အတွက် အဝီစိတွင်းတခုတူးပေးခဲ့ကြောင်း ဒါကြောင့် ယခင်ကထက်ကောင်းမွန်အဆင်ပြေကြောင်း သူတို့ကဆက်ပြောကြပါတယ်။ ဒါပေမယ့် ရေတွင်းအနီးဝန်းကျင်မှာ မနေထိုင်သူတို့ကတော့ အတော်အလှမ်းကွာကွာ လမ်းလျှောက်ပြီးနေ့စဉ် ရေလာခပ်နေရကြောင်းလဲ ပြောပြကြပါတယ်။ ဒ့ါအပြင် ရေစုပ်တင်စက်အတွက် လိုအပ်တဲ့ ဒီဇယ်ဆီဖိုးကိုလဲ သူတို့ပေးကြရကြောင်း အဖိုးအခမှာ သင့်တင့်လျောက်ပတ်ပေမယ့် ထန်းပင်ကိုမှီခိုအသက်မွေးဝမ်းကျောင်းပြုနေကြရတဲ့ရွာ သူရွာသားများအဖို့တော့ ဝန်ထုပ်ဝန်ပိုးဖြစ်နေရကြောင်းလဲ ပြောပြကြပါတယ်။

မြန်မာပြည်အလယ်ပိုင်းရဲ့ ပူပြင်းခြောက်သွေ့တဲ့ ရာသီဥတုမှာ ထန်းပင်များရှင်သန်ဖြစ်ထွန်းပါတယ်။ ဖျာများ၊ ခြင်းတောင်းများ ယက်လုပ်နိုင်တဲ့ ယပ်တောင်ပုံအရွက်များနဲ့ စားသောက်နိုင်တဲ့ ထန်းသီးများ ထန်းပင်က ရရှိကြပါတယ်။ ဒါပေမယ့် ထန်းပင်ရဲ့ အရေးကြီးဆုံးထွက်ကုန်ကတော့ သူ့ရဲ့ချိုမြတဲ့ “ထန်းရည်”ဖြစ်ပါတယ်။ ယင်းကို လတ်လတ်ဆက်ဆက်လဲ သောက်သုံးနိုင်ပါတယ်။ အချဉ်ဖောက်ပြီးလဲ ကျေးလက်အရက်ဖြစ်တဲ့ “ထန်းရည်” အဖြစ်လုပ်

**စာမျက်နှာ ၈ သို့**

# ကုလအထွေထွေအတွင်းရေးမှူးချုပ် မကြာခင် မြန်မာနိုင်ငံသွားရောက်မည်

**VOA ၊ နိုဝင်ဘာ ၁ ။** ။ မကြာခင်မှာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း မြန်မာနိုင်ငံကို လာရောက်ဖို့ ရှိတယ်လို့ နေပြည်တော်ကိုရောက်နေတဲ့ သူ့ရဲ့အထူးကိုယ်စားလှယ်က ပြောကြားလိုက်ပါတယ်။ V. J. Nambiar က နေပြည်တော်မှာ အမျိုးသားလွှတ်တော် အမတ်တွေနဲ့တွေ့ဆုံစဉ် အခုလို ပြောကြားလိုက်တာပါ။ အပြည့်အစုံကိုတော့ ကိုဇော်ဝင်းလှိုင်က တင်ပြပေးထားပါတယ်။

မြန်မာနိုင်ငံ နေပြည်တော်မှာရောက်နေတဲ့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူး အကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေး နမ်ဘီယားဟာ နိုဝင်ဘာ ၁ ရက် အင်္ဂါနေ့က အမျိုးသားလွှတ်တော် ဥက္ကဋ္ဌဦးခင်အောင်မြင့်၊ ဒုဥက္ကဋ္ဌ ဦးမြငြိမ်းတို့ အပါအဝင် အမျိုးသားလွှတ်တော်အမတ်တွေနဲ့ တွေ့ဆုံခဲ့တာပါ။

အဲဒီလိုတွေ့ဆုံစဉ် အတွင်းရေးမှူးချုပ် မြန်မာပြည်လာမယ်ဆိုတာကို မစ္စတာနမ်ဘီယားက ပြောခဲ့တာဖြစ်တဲ့အကြောင်း ဒီတွေ့ဆုံပွဲကို တက်ရောက်ခဲ့တဲ့ SNDP ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ ကိုယ်စားပြု လွယ်လင်/လင်းခေး မဲဆန္ဒနယ်မြေက အမျိုးသားလွှတ်တော်အမတ် ဦးစိုင်းကျော်ဇောသန်းက ပြောပြပါတယ်။

"သူ့အနေနဲ့က ကြားတာ မြင်တာတွေ ပြောင်းလဲမှုတွေကို လက်ခံပါတယ်ပေါ့။ ဒီထက်ပိုပြီးတော့ အရှိန်အဟုန်နဲ့ ပြောင်းလဲဖို့တော့တိုက်တွန်းတာပေါ့နော်။ နောက် ဒီမိုကရေစီ ဒီထက်ကျအောင်တိုးပြီးတော့ လုပ်ပေးဖို့ တိုက်တွန်းတာပေါ့။ နောက် အကျဉ်းသား ၆၀၀၀ ကျော်လွှတ်တဲ့ကိစ္စကိုလည်း ကြိုဆိုပါတယ်၊ ပိုပြီးတော့ ဒီထက်ထင်သာ မြင်သာအောင်၊ ပိုပြီးလွှတ်နိုင်အောင် ကြိုးပမ်းဖို့လည်းတိုက်တွန်းပါတယ်တဲ့။

သူအခုလာတာ တွေ့ရ မြင်ရတာကို အပြန်ကျတဲ့အခါ အထွေထွေအတွင်းရေးမှူးကို ပြန်ပြောပါမယ်တဲ့။ နောက်တခေါက် အထွေထွေ အတွင်းရေးမှူး လာမယ်ဆိုရင်တော့ သူ့ကိုလည်း ဒီထက် တိုးတက်တဲ့ အခြေအနေမြင်သွားလို့ရှိရင် လက်ခံနိုင်သလောက် လက်ခံသွားမှာဖြစ်ပါတယ်တဲ့။ အခု သူလက်ခံသလို အနောက်နိုင်ငံ ဥရောပတို့ အီးယူနိုင်ငံတို့မှာ ပုဂ္ဂိုလ်တွေလည်း အနည်းငယ်ရှိပါတယ်တဲ့။ အများစုကတော့ မြန်မာနိုင်ငံကို အပြစ်ပြောနေဆဲဖြစ်ပါတယ်တဲ့။ မြန်မာနိုင်ငံအနေနဲ့ အလျော့ပေးပြီးတော့ ဒီလိုပြောင်းလဲမှုနှုန်း တိုးတက်လာတာနဲ့အမျှ အဲဒီလို ပုဂ္ဂိုလ်တွေရဲ့ အပြောကလည်း လျော့လာမှာ ဖြစ်နိုင်ပါတယ်လို့ သူက ထင်မြင်ချက် ပေးပါတယ်။"

ဟုတ်ကဲ့၊ သူကအတွင်းရေးမှူးချုပ်လာမယ်လို့ပြောသလားခင်ဗျ၊ မြန်မာပြည်ကို။

"ဟုတ်ကဲ့၊ လာမယ်လို့ ပြောတယ်။ ဒါပေမယ့် အချိန်တော့ မပြောဘူးဗျ။"

မကြာခင်လာမယ်လို့ ပြောသလား။

"ဟုတ်ကဲ့၊ လာမယ်။ လာတဲ့အခါကျရင် ဒီထက် တိုးတက် ပြောင်းလဲတဲ့အခြေအနေ သူမြင်သွားရင် သူလည်း လက်ခံသွားနိုင်တယ်ဆိုတဲ့ဟာကို သူမျှော်လင့်ပါတယ်ပေါ့။"

ဦးခင်အောင်မြင့်ကရော ဘာတွေများ မေးပါသေးလဲခင်ဗျ၊ သူ့ဘက်က မေးတာ သိချင်တာတွေရှိပါသလား။ ဘာတွေများ ဆွေးနွေးပါသလဲ။

"ဦးခင်အောင်မြင့်ကတော့ Sanction လေးတွေ (ပိတ်ဆို့အရေးယူမှုတွေ) လျှော့ပေးဖို့၊ ပြန်သွားရင် ပြန်ပြောပေးပါလို့ အဲဒီလို စကားပါးလိုက်တယ်။ နောက်ပြီးတော့မှာ ကျနော်တို့က ပါလီမန်စံနစ် ချီတက်တာက အင်မတန်မှနုနယ်သေးတဲ့အတွက်ကြောင့် သိပ်မြန်မြန်ဆန်ဆန်ကြီး ပြောင်းလဲရင် အခက်အခဲတွေတာပေါ့။ အခုလိုပဲ တဖြည်းဖြည်းနဲ့ တိုးတက်ပြောင်းလဲသွားဖို့ ရည်ရွယ်ပါတယ်ဆိုပြီးတော့ ပြောပါတယ်။"

မစ္စတာ နမ်ဘီယားဟာ နိုင်ငံခြားရေးဝန်ကြီး ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင်၊ အလုပ်သမားနှင့် လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်တို့နဲ့ အောက်တိုဘာလ ၃၁ ရက်နေ့မှာ တွေ့ဆုံခဲ့ပြီးဖြစ်သလို နေပြန်တော်မှာ ကျင်းပနေတဲ့ အစိမ်းရောင် စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နိုင်ငံတကာညီလာခံကို တက်ရောက်ခဲ့တယ်လို့သိရပါတယ်။ အထူးအကြံပေးပုဂ္ဂိုလ် V J Nambiar နဲ့ မြန်မာ့ဒီမိုကရေစီအရေး ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံဖို့ ရှိတယ်လို့ သိရပေမယ့် ဘယ်နေ့မှာ တွေ့ကြမယ်ဆိုတာတော့ အတိအကျ မသိရသေးပါဘူး။

တချိန်တည်းမှာပဲ မြန်မာနိုင်ငံကို နိုဝင်ဘာ ၁ ရက်နေ့ မနက်မှာ ရောက်လာတဲ့ အမေရိကန်ဒီမိုကရေစီ၊ လူ့အခွင့်အရေးနဲ့ အလုပ်သမားရေးရာလက်ထောက်နိုင်ငံခြားရေးဝန်ကြီး Michael Posner နဲ့ နိုဝင်ဘာ ၂ ရက်နေ့မှာ ရောက်လာမယ့် မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် Derek Mitchell တို့ဟာ မြန်မာ့ ဒီမိုကရေစီအရေးခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၊ NLD ဗဟိုအလုပ် အမှုဆောင်အဖွဲ့ဝင်တွေနဲ့ နိုဝင်ဘာ ၄ ရက်နေ့မှာ တွေ့ဆုံမှာဖြစ်တဲ့အကြောင်း NLD ဗဟိုကော်မီတီဝင် ဦးဟန်သာမြင့်က အတည်ပြုပြောကြားပါတယ်။

"အမေရိကန် ကိုယ်စားလှယ်တွေနဲ့ကတော့ ၄ ရက်နေ့၊ စီအီးစီတွေနဲ့ပါ ချိန်းထားပါတယ်။ ၄ ရက်နေ့မှာ အမေရိကန်ကိုယ်စားလှယ်တွေနဲ့ ၂ ယောက်လုံး တပြိုင်တည်းတွေ့မှာ။ မစ္စတာ နမ်ဘီယားနဲ့တော့ ဘယ်တော့တွေ့မလဲ မသိဘူး။ တွေ့မှာတော့ သေချာတယ်။"

အမေရိကန်ကိုယ်စားလှယ် ၂ ယောက်ဟာ အစိုးရနဲ့ NLD ကိုယ်စားလှယ်တွေ အပြင် မြန်မာနိုင်ငံမှာရှိနေတဲ့ တခြား နိုင်ငံတကာအဖွဲ့အစည်းတွေ၊ လူထုအခြေပြု လူမှုအဖွဲ့အစည်းတွေနဲ့ပါ တွေ့ဆုံပြီး မြန်မာနိုင်ငံအတွင်းက နိုင်ငံရေးအကျဉ်းသားတွေနဲ့ လူ့အခွင့်အရေး အခြေအနေတွေကို ဆွေးနွေးဖို့ရှိတယ်ဆိုတာကိုလည်း အမေရိကန်သံရုံးက အတည်ပြု ပြောဆိုပါတယ်။

ဒီကိုယ်စားလှယ် ၂ ယောက်ဟာ မြန်မာနိုင်ငံမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ စစ်မှန်တဲ့ ပြုပြင်ပြောင်းလဲမှုတွေ ဖြစ်ပေါ်လာရေး မြန်မာအစိုးရနဲ့ အမေရိကန်အစိုးရကြား ဆွေးနွေးနေကြတာတွေရဲ့ နောက်ဆက်တွဲအဖြစ် မြန်မာနိုင်ငံကို ရောက်ရှိလာကြတာဖြစ်တယ်လို့လည်း ရန်ကုန်မြို့မှာရှိတဲ့ အမေရိကန်သံရုံးက အတည်ပြု ပြောဆိုပါတယ်။



✡✡✡✡✡

# အပြောင်းအလဲရဲ့ အစရောက်နေပြီလား

**မောင်သုခ**

Asia Times on Line , October , 29 , 2011 , Andrew Selth **၏ ဆောင်းပါးကို ဆီလျော်သလို ကောက်နှုတ်တင်ပြပါသည်။**

လက်ရှိမြန်မာနိုင်ငံမှာ နိုင်ငံရေးတိုးတက်ပွင့်လင်းလာတာတဲ့ ဖြစ်စဉ်တွေဟာ ၁၉၈၀ ပြည့်ခုနှစ်ဝန်းကျင်က ရုရှားနိုင်ငံမှာ သမတ Mikhail Gorba chave က ပြုပြင်ပြောင်းလဲရေး perestroika မူဝါဒနဲ့ နှစ်နှစ်အကြာမှာ ပွင့်လင်းမြင်သာရေး glasnost မူဝါဒတွေချမှတ်ခဲ့တာကို သွားသတိရမိပါတယ်။

သမတဦးသိန်းစိန်ဟာ အများပြောနေသလို စစ်ဗိုလ်ချုပ်ဟောင်းဖြစ်သလို ဗိုလ်ချုပ်သန်းရွှေရဲ့ ဩဇာမကင်းဘူးလို့ဆိုရပေမယ့် နိုင်ငံရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေကိုတော့ လုပ်ပြနေပါတယ်။ ကြေညာချက်တွေထုတ်ပြန်ပြီး တိုးတက်ပွင့်လင်းထင်သာတဲ့ ပြုပြင်ပြောင်းလဲမှုတွေလုပ်သွားမယ်လို့ ဆိုထားပါတယ်။

မြန်မာ့နိုင်ငံရေးမှာ စစ်တပ်က အာဏာကို ဆက်လက်ချုပ်ကိုင်ရယူထားဖို့ကြိုးစားတာဟာ မေးခွန်းထုတ်စရာမလိုတဲ့ အချက်ဖြစ်ပေမယ့် အခုလူတဦးချင်းလွတ်လပ်မှုပိုရလာတာ၊ ကြောင်းကျိုးဆင်ချင်တုံတရားနဲ့ အဓိပ္ပါယ်ရှိတဲ့ စီးပွားရေး လူမှုရေးမူဝါဒတွေချမှတ်လာတာ၊ လူထုအခြေပြု လူမှုအသိုင်းအဝိုင်းဖွံ့ဖြိုးလာရေး ကန့်သတ်ချက်တွေ လျော့ချလာတာဟာ နိုင်ငံတကာ တောင်းဆိုနေတာတွေကို လိုက်လျောနိုင်ဖို့ ဦးသိန်းစိန် လုပ်ပြနေပါတယ်။

ဒီလိုဆောင်ရွက်လာတာတွေထဲမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံဆွေးနွေးတာ စစ်မှန်တဲ့ အပြုသဘော အပြောင်းအလဲဖြစ်လာဖို့တကယ် ရည်ရွယ်ချက်ရှိတယ်လို့ပြောရလောက်အောင် ဆွေးနွေးနိုင်ခဲ့တာတွေဟာ သမတဦးသိန်းစိန်ရဲ့သိသာတဲ့ဆောင်ရွက်ချက်တွေဖြစ်ပါတယ်။ဒေါ်အောင်ဆန်းစုကြည်အနေဖြင့်လည်း အခုလိုသမတဦးသိန်းစိန်နဲ့ဆွေးနွေးခဲ့ရတာတွေဟာ အမှန်တကယ်အပြုသဘောဆောင်တဲ့ ဆွေးနွေးမှုတွေစတင်ခဲ့ရလို့ အားရကြေနပ်မှုရှိကြောင်း ပြောဆိုပါတယ်။

ဒါပေမယ့် မကြာခင်က လွှတ်ငြိမ်းချမ်းသာခွင့်မှာ နိုင်ငံရေးအကျဉ်းသား ၂၀၀ ခန့်သာပါဝင်ခဲ့တဲ့အချက်ဟာ အနောက်နိုင်ငံတွေက ပိတ်ဆို့အရေးယူမှုဖယ်ရှားပေးဖို့ အခက်အခဲဖြစ်စေတဲ့ ပြဿနာတရပ်ဖြစ်နေတယ်လို့လည်းဆိုပါတယ်။

ဒဏ်ခတ်ပိတ်ဆို့မှုတွေကို ယုတ်သိမ်းပေးဖို့နည်းလမ်းပေါင်းစုံနဲ့ တင်ပြတောင်းဆိုနေတာဟာဖြင့် မြန်မာစစ်ဗိုလ်ချုပ်ကြီးများမည်မျှနစ်နာဆုံးရှုံးနေတယ်ဆိုတာထင်ရှားပါတယ်၊ ကမ္ဘာက သံသယဖြစ်နေတဲ့ နျူးကလီးယားဆိုင်ရာ လျှို့လုပ်ဆောင်နေမှုတွေအပေါ်မှာ အစိုးကမှ မြန်မာနိုင်ငံမှာ နျူးကလီးယားလက်နက်ထုတ်ဖို့ရည်ရွယ်ချက်မရှိကြောင်း ထုတ်လုပ်နိုင်တဲ့ အရင်းအနှီးလည်းအလုံအလောက်မရှိကြောင်း ဗီယင်နာ IAEA ညီလာခံမှာ မြန်မာသံအမတ်ကြီးက ထုတ်ဖော်ပြောဆိုရတဲ့ အထိဖြစ်နေတာပါ။

The International Crises Group အဖွဲ့ကြီးတော့ မြန်မာနိုင်ငံမှာ ထင်ရှားတဲ့ ပြုပြင်ပြောင်းလဲရေတွေဟာ လမ်းမပေါ်ကို ရောက်နေပြီးလို့ ပြောဆိုလိုက်ပါတယ်။ ဒါပေမယ့် အဓိကအတိုက်အခံအင်အားစုတွေကတော့ လတ်တလောဖြစ်ပေါ်တိုးတက်မှုတွေအပေါ်မှာ ၂၀၁၀ ရွေးကောက်ပွဲမှာ မဲလိမ် မဲခိုးနဲ့ သမတဖြစ်လာတဲ့ ဦးသိန်းစိန်ရဲ့ နောက်ကွယ်က ခေါင်းမာတဲ့ စစ်ဗိုလ်ချုပ်တွေကို အယုံအကြည်သိပ်မရှိလှပါဘူး၊ ဒါကြောင့်လည်း ပိတ်ဆို့မှုတွေကို ယုတ်သိမ်းဖို့ဆိုတာတွေကို ပြန်လည်သုံးသပ်သင့်တယ်လို့ ဆိုပါတယ်။

မကြာခင်က The Economist မဂ္ဂဇင်းကြီးက လတ်တလောမြန်မာနိုင်ငံရေးအခြေအနေကို အင်္ဂလိပ်စကားပုံတခုဖြစ်တဲ့ ရေတဝက်ရှိတဲ့ ဖန်ခွက်နဲ့ နှိုင်းယှဉ်ပြပါတယ်၊ မြန်မာနိုင်ငံရေးတိုးတက်မှုအတွက် ငြင်းခုံပြောဆိုကြရာမှာ အကောင်းမြင်သမားတွေက ရေတဝက်ပြည့်နေတဲ့ခွက်လို့မြင်သလို သံသယရှိသူတွေကတော့ ရေတဝက်လျော့နေတဲ့ခွက်လို့မြင်ပါတယ်၊ စိတ်မရှည်သူတွေက အပြောင်းအလဲကို ဒီထက်မြန်မြန်ဆန်ဆန်လုပ်ချင်နေတာပါ။ အပြောင်းအလဲကို တည်တည်ငြိမ်ငြိမ်နဲ့တဆင့်ခြင်းလုပ်ဆောင်သွားပါက တောင့်တင်းခိုင်မာပြီးရေရှည်တည်တန့်နိုင်မယ့် အနှစ်သာရရှိတဲ့ ငြိမ်းချမ်းရေးကိုရနိုင်မယ်လို့ ယုံကြည်သူတွေလည်းရှိပါ တယ်။

လက်ရှိမြန်မာ့နိုင်ငံရေးတိုးတက်ဖြစ်ထွန်းမှုတွေအပေါ်မှာ အကောင်းမြင်သူတွေမှန်နိုင်သလို အတိုက်အခံတွေပြောနေတဲ့ ပိတ်ဆို့မှုယုတ်သိမ်းရေးကစားကွက်နဲ့ အာဆီယံဥက္ကဌရာထူးနေရာရဖို့ သက်သက်တပွဲတိုးလုပ်နေတာလည်းဖြစ်နိုင်တယ်လို့ ယူဆပါတယ်။။

တကယ်လို့သမတဦးသိန်းစိန်ဟာ ဒီလို တပွဲတိုး လုပ်တယ်ဆိုရင်တော့ “အာဏာရှင်တွေရဲ့ အန္တရာယ်အရှိဆုံးကာလဟာ အာဏာကို စပြီးလက်လျော့ရတဲ့ အချိန်ပါပဲ” ဆိုတဲ့ ပြင်သစ်စာရေးဆရာ Alexis de Tocqueville ရဲ့ နာမည်ကျော်စကားကို သတိရဖို့ကောင်းပါတယ်။ Gorbachev လက်ထက်မှာ တွေ့ကြုံခဲ့ရသလို ပြုပြင်ပြောင်းလဲရေးရထားဟာ စက်နိုးမောင်းနှင်လိုက်တာနဲ့ ထိန်းရခက်လောက်အောင် သူ့အရှိန်နဲ့ သူ သွားတတ်ပါတယ်။

အခုလို မြန်မာနိုင်ငံရေးပြုပြင်ပြောင်းလဲရေးဖြစ်စဉ်တွေမှာ သတိထားရမယ့်အချက်ရှိပါတယ်၊ ပြုပြင်ပြောင်းလဲရေးတကယ်လိုလားပါတယ်လို့ယူဆထားတဲ့ သမတဦးသိန်းစိန်ရဲ့နောက်ကွယ်မှာ အပြောင်းအလဲကို မလိုလားတဲ့ သဘောထားတင်းမာတဲ့ အုပ်စုတွေလည်း ရှိနေတယ်ဆိုတဲ့အချက်ဖြစ်ပါတယ် အထူးသဖြင့် လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နဲ့အမျိုးသားပြန်လည်သင့်မြတ်ရေး ဆွေးနွေးနေတဲ့အပေါ် အစိုးရပိုင်းမှာ သဘောထားတင်းမာသူတွေလည်းရှိနေတယ်ဆိုတယ်ဆိုတာ သတိထားပါ။

သမတဦးသိန်းစိန်ဟာ စစ်တပ်ရဲ့ ဩဇာမကင်းနိုင်ဘူးလို့ယူဆထားကြပေမယ့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေကတော့ ဆက်လက်ရှေ့တိုးနေဆဲဖြစ်ပါတယ်။ တကယ်လို့ အပြောင်းအလဲဖြစ်စဉ်တွေ ထိန်းမနိုင် သိမ်းမနိုင်ဖြစ်လာခဲ့ပါက စစ်တပ်က အာဏာထပ်မသိမ်းဘူးလို့ ဘယ်သူမှမပြောနိုင်ပါဘူး။

အခုလို မသေချာ မရေရာမှုတွေကြောင်း သမတဦးသိန်းစိန်ရဲ့ပြောဆိုထားတဲ့ ပြုပြင်ပြောင်းလဲရေးကတိစကားတွေကို တန်ဖိုးထားပြီး စစ်မှန်တဲ့ အပြောင်းအလဲဖြစ်လာအောင်တွန်းအားပေးစရမလား၊ အတုအယောင်ဟန်ပြလုပ်နေတာဖြစ်တယ်လို့သဘောထားပြီး ဒဏ်ခတ်ပိတ်ဆို့မှုတွေပိုလုပ်ရမလားဆိုတာ နိုင်ငံတကာအဖို့ ဝေခွဲမရဖြစ်နေပါတယ်။

လက်ရှိအချိန်မှာ နိုင်ငံတကာအသိုင်းအဝိုင်းအနေနဲ့ မြန်မာနိုင်ငံမှာပြုပြင်ပြောင်းလဲရေးတိုးတက်မှုဖြစ်စဉ်တွေကို သတိနဲ့ကြိုဆိုရမှာဖြစ်ပြီး ယုံယုံကြည်ကြည်နဲ့ရှေ့တိုးလုပ် ဆောင်ဖို့တွန်းအားပေးရမှာဖြစ်ပါတယ်။ အခုလို နိုင်ငံရေးတိုးတက်ပြောင်းလဲလာမှုသည် မြန်မာ့ခေတ်သစ်သမိုင်းမှာ အပြောင်းအလဲရဲ့အစလို့ဆိုရမှာဖြစ်ပြီး၊ အမှန်တကယ် အပြုသဘောဆောင်တဲ့ ပြောင်းလဲမှုတွေဆက်လက်ဖြစ်ပေါ်လာဖို့အတွက် နိုင်ငံတကာအနေနဲ့တတ်နိုင်သရွေ့တွန်းအားပေးကူညီမှုများ ဆက်လုပ်ရမှာဖြစ်ပါတယ်။ ✡✡✡✡✡

# ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေး ရန်ကုန်ရောက်

**VOA ၊ အောက်တိုဘာ ၃၁ ။** ။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေး မစ္စတာ ဗီဂျေးနမ်ဘီးယားဟာ ဒီကနေ့မနက်က ရန်ကုန်မြို့ကို ရောက်ရှိလာပါတယ်။ အစိုးရဖိတ်ကြားချက်နဲ့ ရောက်ရှိလာတဲ့ ၅ ရက်ကြာခရီးစဉ် အတွင်းမှာ အစိုးရတာဝန်ရှိသူတွေ၊ နိုင်ငံရေးပါတီတွေနဲ့ တွေ့ဆုံမှာဖြစ်သလို ဒေါ်အောင်ဆန်းစုကြည်နဲ့လည်း တွေ့ဆုံဖို့ရှိတယ်လို့ ကုလသမဂ္ဂရုံး ပြန်ကြားရေးဌာနတာဝန်ရှိသူက ဗွီအိုအေကို ပြောပါတယ်။ ဒီကနေ့စတင်တဲ့ မစ္စတာ ဗီဂျေးနမ်ဘီယားရဲ့ခရီးစဉ်နဲ့ပတ်သက်လို့ ထိုင်းအခြေစိုက် ကိုမိုးဇော်ကတင်ပြထားပါတယ်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေး မစ္စတာဗီဂျေးနမ်ဘီးယား ဒီကနေ့ မနက် ၉ နာရီလောက်က ရန်ကုန်မြို့ကိုဆိုက်ရောက်လာတာဖြစ်ပြီး ချက်ချင်းဆိုသလိုမြန်မာအစိုးရရုံးစိုက်ရာနေပြည်တော်ကို ဆက်လက်ထွက်ခွာသွားတာဖြစ်ပါတယ်။

ဒီခရီးစဉ်ဟာ မြန်မာအစိုးရရဲ့ ဖိတ်ကြားချက်နဲ့လာတာဖြစ်ပြီး သူ့ရဲ့ခရီးစဉ်အတွင်းမှာ အစိုးရအဖွဲ့ဝင် အပြင် ဒေါ်အောင်ဆန်းစုကြည်နဲ့လည်း တွေ့ဆုံမှာဖြစ်တယ်လို့ ရန်ကုန်အခြေစိုက်ကုလသမဂ္ဂရုံးပြန်ကြားရေးအရာရှိ ဦးအေးဝင်းက ပြောပါတယ်။

"ဒီနေ့မနက် ရောက်ပါတယ်ခင်ဗျ။ နိုင်ငံတော်အစိုးရရဲ့ ဖိတ်ကြားချက်အရ ၅ ရက်တာခရီး ရန်ကုန်ကို ရောက်ပါတယ်ခင်ဗျ။ အခုနေပြည်တော်ကို တက်သွားပြီခင်ဗျ။ မစ္စတာနမ်ဘီးယား ဒီမှာရှိတဲ့ ခရီးစဉ်မှာ အစိုးရအဖွဲ့က သက်ဆိုင်တဲ့လူအားလုံးနဲ့၊ ပြီးတော့ နိုင်ငံရေးပါတီတွေကကော၊ အစိုးရမဟုတ်တဲ့အဖွဲ့တွေကကော၊ တခြားအရေးကြီးတဲ့ ဆက်သွယ် စကားပြောရမယ့် ပုဂ္ဂိုလ်တွေရှိပါတယ်။ ဒီထဲမှာလည်း ဒေါ်အောင်ဆန်းစုကြည်ရော၊ NLD အဖွဲ့ဝင်တွေရောပါပါတယ်ခင်ဗျ။"

မြန်မာအစိုးရအဖွဲ့က ဘယ်သူတွေနဲ့ တွေ့မယ်ဆိုတာနဲ့ အခြားဘယ်နိုင်ငံရေးပါတီတွေနဲ့ တွေ့မယ်ဆိုတာတော့ အတိအကျ မပြောနိုင်သေးဘူးလို့ ဦးအေးဝင်းက ပြောပါတယ်။ အေဖက်ပီ သတင်းမှာတော့ ကုလသမဂ္ဂအထူးသံတမန်ဟာ ဒုသမ္မတဦးတင်အောင်မြင့်ဦးနဲ့ တွေ့ဆုံမှာဖြစ်သလို နိုင်ငံခြားရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးတို့နဲ့လည်းတွေ့ဆုံမှာဖြစ်တယ်လို့ အစိုးရအရာရှိတစ်ဦးကို ကိုးကားပြီး ဖော်ပြထားပါတယ်။ ခုတခေါက်ခရီးစဉ်ဟာ မစ္စတာနမ်ဘီးယား မြန်မာပြည်ကို တတိယ အကြိမ်မြောက် လာရောက်တဲ့ခရီးစဉ်လည်း ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ မေလအတွင်းဒုတိယအကြိမ်လာရောက်ခဲ့တုန်းကတော့ မစ္စတာနမ်ဘီးယားက မြန်မာအစိုးရသစ်ဆီကနေ အင်မတန် အားတက်ဖွယ်ကောင်းတဲ့ အရိပ်လက္ခဏာတွေ တွေ့ရကြောင်းထုတ်ဖော် ပြောဆိုခဲ့ပါတယ်။

မြန်မာအစိုးရသစ် တက်လာပြီးနောက်မှာ သူတို့ဟာဒီမိုကရေစီရေးပြုပြင်ပြောင်းလဲမှုတွေ လုပ်နေပါတယ်ဆိုတာကို ကမ္ဘာကိုပြသဖို့ကြိုးစားလာခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဝန်ကြီးဦးအောင်ကြည်တို့ ခပ်စိပ်စိပ်တွေ့ဆုံလာတာမျိုး၊ ငွေကြေးလဲလှယ်မှုဆိုင်ရာအပြောင်းအလဲတွေအတွက် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ IMF ဆီကနေ အကြံဉာဏ်တောင်းခံတာမျိုးတွေ လုပ်လာခဲ့ပါတယ်။

ဒီလိုအခြေအနေမှာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့အထူးအကြံပေးပုဂ္ဂိုလ်ကို မြန်မာနိုင်ငံကိုလာဖို့ ဖိတ်ခေါ်တာဖြစ်ပါတယ်။ ဘာကြောင့်ဖိတ်သလဲဆိုတာကိုတော့ အစိုးရကိုမေးဖို့ ဆက်သွယ်ပေမဲ့ ဆက်သွယ်လို့ မရလို့ အတိအကျမပြောနိုင်ပါဘူး။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းကတော့ ကုလသမဂ္ဂက မြန်မာပြည်အရေးမှာ ပါဝင်ဆောင်ရွက်တာကိုကြိုဆိုလိုက်ပြီး မြန်မာပြည်မှာ အမှန်တကယ်တိုးတက်ပြောင်းလဲနေပြီလားဆိုတဲ့အပေါ်မှာ စောင့်ကြည့်နေဆဲဖြစ်တယ်လို့ပြောပါတယ်။

"ကုလသမဂ္ဂရဲ့ မြန်မာနိုင်ငံအရေး ဝင်ရောက်ဆောင်ရွက်မှုတွေအမြဲတမ်းကြိုဆိုပါတယ်။ တိုးတက်မှု ဘယ်လောက်ရှိတယ်မရှိတယ်ဆိုတာကတော့ လုပ်ငန်းစဉ်တွေမှာကြည့်ရမှာပါ။ ကျနော်တို့က တိုးတက်မှုတွေ စနေတယ်ဆိုတာလောက်ကိုတော့ လက်ခံတယ်။ တိုးတက်မှုတကယ်ရှိပြီလားဆိုတာကတော့ ကျနော်တို့ စောင့်ကြည့်နေရတဲ့အခြေအနေပါ။"

မစ္စတာ နမ်ဘီးယားဟာ ပထမဆုံးအကြိမ်အဖြစ် ၂၀၁၀ ခုနှစ် နိုဝင်ဘာလက မြန်မာနိုင်ငံကို စတင်လာရောက်ခဲ့တာဖြစ်ပါတယ်။ အရင်လာရောက်ခဲ့တဲ့ ခရီးစဉ် နှစ်ခုလုံးမှာတော့ မြန်မာအစိုးရတာဝန်ရှိသူတွေအပြင် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးပါတီတွေကတာဝန်ရှိသူတွေနဲ့လည်း တွေ့ဆုံဆွေးနွေးခဲ့တာဖြစ်ပါတယ်။

ပြီးခဲ့တဲ့အပတ်အတွင်းကတော့ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စတာဒဲရက်မစ်ချဲလ်ဟာ မြန်မာနိုင်ငံကို နှစ်လတာကာလအတွင်း ဒုတိယအကြိမ်လာရောက်ခဲ့သလို ပြီးခဲ့တဲ့ ရက်တွေ အတွင်းကလည်း အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး မစ္စတာ မာတီနာတာလီဂါဝါတို့ လာရောက်ခဲ့ကြပါတယ်။

---

# ၉၀ ရလဒ်ကို လွှတ်တော်နာယကပြော

**RFA ၊ နိုဝင်ဘာ ၃ ။** ။ အန်အယ်လ်ဒီပါတီ အပြတ်အသတ်အနိုင်ရခဲ့တဲ့ ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုကြောင်း၊ ဖျောက်ဖျက်လို့ရတဲ့ ကိစ္စမဟုတ်ကြောင်း ပြည်ထောင်စု လွှတ်တော်နာယ ကက ပြောလိုက်ပါတယ်။

ရန်ကုန်တိုင်းမ် သတင်းဂျာနယ်နဲ့ အောက်တိုဘာလ ၃၁ ရက်က တွေ့ဆုံ မေးမြန်းခန်းမှာ ဦးခင်အောင်မြင့်က အခုလို ပြောကြားခဲ့တယ်လို့ နောက်ဆုံးထုတ် ရန်ကုန်တိုင်းမ် ဂျာနယ်မှာ ဖော်ပြထားပါတယ်။

အခုလို လွှတ်တော်အကြီးအကဲ ဦးခင်အောင်မြင့်က ၁၉၉၀ ရွေးကောက်ပွဲ ရလဒ်ကို အသိအမှတ်ပြုကြောင်း ပြောဆိုချက်ဟာ အန်အယ်လ်ဒီပါတီ မှတ်ပုံတင်ရေးအတွက် လုံလောက်မှု ရှိမရှိ ပါတီမှာ ဆွေးနွေးမှု မလုပ်ရသေးဘူးလို့ အန်အယ်လ်ဒီပြောခွင့်ရ ပုဂ္ဂိုလ်ဦးဉာဏ်ဝင်းက ပြောပါတယ်။

အန်အယ်လ်ဒီ ပါတီ မှတ်ပုံပြန်တင်မယ်ဆိုရင် လွှတ်တော်အကြီးအကဲ မိမိနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်တွေ ကြိုဆိုမှာဖြစ်ကြောင်း၊ ပြည်သူတွေ ရွေးချယ်မယ်ဆိုရင် ဒေါ်အောင်ဆန်းစုကြည် လွှတ်တော်ထဲကိုရောက်လာမှာဖြစ်ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်ဟာ နိုင်ငံတကာ ဗဟုသုတကြွယ်ဝတဲ့ ပညာတတ်တစ်ယောက်ဖြစ်တာကြောင့် နိုင်ငံတည်ဆောက်ရေးအတွက် အများကြီးအားကိုးရမှာ ဖြစ်ကြောင်းကိုလည်း ရန်ကုန်တိုင်းမ်က တွေ့ဆုံမေးမြန်းရာမှာ ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့်က ပြောကြားသွားပါတယ်။

# ပြည်သူတွေကို အေးမြတဲ့ အရိပ်အောက် ပို့ပေးဖို့ဟာ ကျမတို့ရဲ့တာဝန်ဖြစ်တယ်

**Mizzima ၊ အောက်တိုဘာ ၃၁ ။** ။ "ပြည်သူတွေကို အေးမြတဲ့ အရိပ်အောက်ကို ပို့ပေးဖို့ဟာ ကျမတို့ရဲ့တာဝန်ဖြစ်တယ်" ဟု တနင်္လာနေ့က ပြုလုပ်သော ဗေဒါသင်တန်းကျောင်းဆင်းပွဲနှင့် ဗေဒါစာကြည့်တိုက် ဖွင့်ပွဲအခမ်းနားတွင် ဒေါ်အောင်ဆန်းစုကြည်ကပြောကြားလိုက်သည်။

အပတ်စဉ်(၈) နိုင်ငံရေးသိပ္ပံ သင်တန်းဆင်းပွဲနှင့် ဗေဒါကျောင်းစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားတွင် ကျောင်းပြင်ပရောက်ရှိနေကြသည့်ပရိသတ်အား ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် ငါးမိနစ်ခန့်ကြာမိန့်ခွန်းတွင် ထည့်သွင်း ပြောကြားခဲ့ခြင်း ဖြစ်သည်။

"နိုင်ငံတနိုင်ငံရဲ့ အဓိကရတနာတွေဟာ ပြည်သူတွေပါပဲ။ ပြည်သူတွေတန်ဖိုးရှိမှ နိုင်ငံဟာ တန်ဖိုးရှိမှာပါ။ ကျမတို့ဟာ သဘာဝသယံဇာတပစ္စည်းတွေကို အားမကိုးပါဘူး။ ပြည်သူတွေကိုပဲ အားကိုးပါတယ်။ ဒါကြောင့် ကျမတို့ပြည်သူတွေရဲ့ပညာရေး၊ ကျန်းမာရေးကို အထူးအလေးထားပါတယ်။ ဒီပြည်သူတွေဟာ ကျန်းမာရမယ်။ပညာတတ်ရမယ်။ ဒါမှလဲ ကျမတို့ရဲ့နိုင်ငံကို ထူထောင်နိုင်မယ်၊ တိုးတက်အောင်လုပ်နိုင်မယ်။ အဲဒီလိုလုပ်နိုင်မှ ကျမတို့ပြည်သူတွေလဲ စိတ်ချမ်းသာနိုင်မယ်၊ ပြီးတော့ ကိုယ့်ရဲ့စိတ်ချမ်းသာမှုကို ကိုယ်ကိုယ်တိုင် တည်ဆောက်နိုင်တဲ့ပြည်သူတွေ ဖြစ်စေချင်တယ်။" ဟု သူ၏ မိန့်ခွန်းတွင် ပါရှိသည်။

အခမ်းအနားကို သဃ်န်းကျွန်းမြို့နယ်ရှိ အမှတ် ၄၅၃ သုမနလမ်း၊ ၁၆/(၃) ရပ်ကွက် ဗေဒါသင်တန်းကျောင်းတွင် နံနက် ၁၀ နာရီမှ နေ့လည် ၁၂ နာရီခွဲထိ ပြုလုပ်ခဲ့ပြီး NLD မှ ထိန်းတန်းခေါင်းဆောင်များဖြစ်သည့် ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်တို့နှင့် ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များအပါအဝင် ပညာရေးကွန်ယက်နှင့်ဗေဒါကွန်ယက်မှ လူငယ်အများအပြားတက်ရောက်ခဲ့ကြသည်။

နိုင်ငံရေးသိပ္ပံသင်တန်းမှ သင်တန်းသူ၊ သင်တန်းသား ၃၀ ဦး နှင့် အရပ်ဖက် လူမှု အဖွဲ့အစည်း သင်တန်းမှ သင်တန်းသား ၁၅ ဦးတို့အား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြသည်။

ဗေဒါသင်တန်းတွင် တက်ရောက်နေကြသော လူငယ်များနှင့် ပတ်သက်၍ဒေါ်စုက "အခုဗေဒါသင်တန်းမှာကျမတို့လူငယ်တွေဟာပညာတိုးတက်ရေးအတွက်လုပ်နေတာကိုတွေ့ရတဲ့ အခါကျတော့ကိုယ့်တန်ဖိုးကို ကိုယ်မြှင့်တင်နိုင်တဲ့ လူငယ်တွေဖြစ်မယ့်လမ်းကြောင်းပေါ်ကို ရောက်သွားပြီဆိုတာမြင်လို့ ကျမတို့ အင်မတန်မှ အားရပါတယ်။" ဟုလည်း ပြောကြားခဲ့သည်။

ဗေဒါသင်တန်းကျောင်းတွင် နိုင်ငံရေးသိပ္ပံသင်တန်းများကို အပတ်စဉ်များဖြင့် တလခွဲဖွင့်လှစ် ပို့ချပေးလျက်ရှိပြီး၊ အရပ်ဘက် လူမှုအဖွဲ့အစည်း (CSO) ဖွဲ့စည်းနည်း၊ ဖွဲ့စည်းပုံများကိုလဲ ရက်တိုသင်တန်းများပေးပြီး သင်ကြားပို့ချလျက်ရှိသည်။

"နိုင်ငံရေးကို တကယ်သိ၊ တကယ် ကျွမ်းကျင်နေမှဗျာ။ တလခွဲသင်တန်းမှာတော့ အစပျိုးပေါ့ဗျာ။ သူတို့တွေကို စိတ်ဓါတ်လေးထည့်ပေးလိုက်တာပေါ့။ ဆက်ပြီးတော့ လေ့လာကြမယ်။ ပြီးလို့ရှိရင် နိုင်ငံခြားကနေ ဘွဲ့တွေ ဒီဂရီ တွေယူကြမယ်ဆိုတဲ့ အဆင့်ထိဖြစ်လာကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။" ဟု ဗေဒါသင်တန်းကျောင်း အမှုဆောင် ဒါရိုက်တာအဖွဲ့ဝင်တဦးဖြစ်သည့် ကိုမျိုးရန်နောင်သိန်းက မဇ္ဈိမကို ပြောသည်။

အဆိုပါ သင်တန်းများကို တိုင်းနှင့်ပြည်နယ်အသီးသီးမှ NLD ပါတီဝင်များမှ လူရွေးချယ်ကာ ပို့ပေးပြီး သင်တန်းတက်ကြစေသည်။ အရပ်ဘက် လူမှုအဖွဲ့အစည်း ဖွဲ့စည်းနည်း၊ ဖွဲ့စည်းပုံ နည်းနာသင်တန်းများကို လူကြီးပိုင်းများသာ အများဆုံးတက်ရောက်သင်ကြားကြသည်။

စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အပတ်စဉ်တိုင်း ပြင်ပမှ စီးပွားရေးပညာရှင်၊ အတတ်ပညာရှင်၊ အနုပညာရှင်များနှင့် ဝါရင့် နိုင်ငံရေး သမားဟောင်းကြီးများကလည်း သင်တန်းသူ၊ သင်တန်းသားများနှင့် ဆွေးနွေးပွဲများပြုလုပ်ကာ သင်တန်းများပို့ချပေးသည်။

ဗေဒါကျောင်းဖွင့်လှစ်ရခြင်းနှင့် ယခုလို သင်တန်းများပို့ချပေးရခြင်း ရည်ရွယ်ချက်များကို ကိုမျိုးရန်နောင်သိန်းက "အစိုးရကိုမှန်းတီးတာတခုတည်းတင် နိုင်ငံရေးမဟုတ်တော့ဘူး၊ အစိုးရကို အတိုက်အခံလုပ်တာ၊ ထောင်ကျခံတာတခုတည်းနဲ့တင် နိုင်ငံရေးလုပ်တာ မဟုတ်တော့ဘူး၊ကျနော်တို့ကိုယ်တိုင်ကလည်းထောင်ကျခံခဲ့တယ်။ဒါပေမယ့်လည်း အခြေအနေအားလုံးနဲ့ နိုင်ငံရေးကို သိရှိနားလည်ပြီးတော့ကိုယ်လုပ်သင့်လုပ်ထိုက်တာကို စနစ်တကျလုပ်တတ်ဖို့ရည်ရွယ်ပါတယ်။ အဲဒီအတွက်ကို ဒေသဆိုင်ရာခေါင်းဆောင်တွေနဲ့ မြန်မာပြည်နိုင်ငံရေးခေါင်းဆောင်တွေ ပေါ်ထွက်လာဖို့အတွက်ကိုရည်ရွယ်ပါတယ်"ဟု ပြောသည်။

အထက်မြန်မာပြည် ကျောင်းခွဲအဖြစ် မန္တလေးမြို့တွင် ကျောင်းခွဲတခုဖွင့်လှစ်ကာ လာမည့် နိုဝင်ဘာလ ခုနစ်ရက်နေ့တွင်သင်တန်းများပို့ချပေးမည်ဟုလည်း သူက ဆိုသည်။ဗေဒါသင်တန်းကျောင်းကို ၂၀၁၀ ခုနှစ် နိုဝင်ဘာလ (၂၀) ရက်နေ့တွင် စတင်ဖွင့်လှစ် ခဲ့ခြင်းဖြစ်ပြီး နိုင်ငံရေးသိပ္ပံသင်တန်းများကို ပို့ချလာခဲ့သည်မှာ ယခု သင်တန်းဆင်းပွဲနှင့်ဆိုလျှင် အပတ်စဉ်ရှစ်ခုထိ ရှိပြီဖြစ်သည်။

သင်တန်းစဖွင့်ချိန်က အာဏာပိုင်များ၏ ဖိအားပေးမှုကြောင့် ဗေဒါသင်တန်းကျောင်းကို နေရာအမျိုးမျိုး ပြောင်းရွှေ့ ဖွင့်လှစ်ခဲ့ကြ ရသည်။

---

**စာမျက်နှာ ၄ မှ**

နိုင်ပါတယ်။ ကျိုချက်ပြီးလဲ နှစ်လိုဖွယ်ကောင်းတဲ့ ထန်းလျက်များအဖြစ်လဲထုတ်လုပ်နိုင်ပါတယ်။

ကျောင်းသူဘဝတုန်းကသင်ခဲ့ရတဲ့ ထန်းတက်သမားများရဲ့ ကြမ်းတမ်းတဲ့ ဘဝအကြောင်းစပ်ဆိုခဲ့တဲ့ ထင်ရှားတဲ့ ၁၂ ရာစုက ကဗျာတပုဒ်ကို ကျမအမှတ်ရလိုက်ပါတယ်။ သူတို့ရဲ့ အန္တရာယ်များပြီး ပင်ပန်းတဲ့အလုပ်ကို နံနက်ခင်းမြူခိုးဝေချိန်မှစခဲ့ကြရတဲ့ နေ့စဉ်ကျင်လည်ခဲ့ရတဲ့ သရုပ်ဖော်ချက်ကို ပြတ်သားထင်ရှားစွာ ယနေ့အချိန်အထိ သက်ဝင်ကျန်ရှိနေပုံများကို ရွာမှအမျိုးသားများနဲ့ စကားပြောခဲ့ရလို့ ကျမသိခဲ့ရပါတယ်။ လွန်ခဲ့တဲ့ ရာစုနှစ်များစွာက သူတို့ဘိုးဘေးများ လုပ်ကိုင်ခဲ့တဲ့အတိုင်း သူတို့တတွေဟာလဲ မဆုတ်မနစ်တဲ့ ဇွဲလုံ့လနဲ့ အလုပ်စက်ဝန်းကို ကျင်လည်လှုပ်ရှားဆောင်ရွက်လျက်ရှိနေကြပါတယ်။

ဒါပေမယ့် ထင်ရှားတဲ့ ခြားနားမှုတခုကတော့ရှိနေပါပြီ။ ဒီကနေ့မှာတော့ "ဇီးအို–သစ်လှ–နတ်ထိန်း–အင်ကြင်းတောရွာက ထန်းတက်သမားတွေထဲမှာ တက္ကသိုလ်ဘွဲ့ရများရှိနေပါပြီ။

✡✡✡✡✡




**အောက်တိုဘာ ၂၉ ၊** Rtrs ။ ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် မှတ်ပုံတင်ဖြစ်လျှင် ဒေါ်အောင်ဆန်းစုကြည်သည် လာမည့် ပါလီမံ ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင် အရွေးခံဖွယ်ရှိကြောင်း။

**အောက်တိုဘာ ၂၉ ၊** Bernama ။ ။ မလေးရှားနှင့်မြန်မာတို့သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနှင့် သစ်ကုန်ကူးမှုတွင် တိုးမြှင့်ပူးပေါင်းဆောင်ရွက်မည်ဟု မလေးရှား မှဆို၏။

**အောက်တိုဘာ ၃၀ ၊** Rtrs ။ ။ တရုပ်၊ လာအို၊ မြန်မာနှင့်ထိုင်းတို့သည် မဲခေါင်တွင် ရာဇဝတ်ဂိုဏ်းများကို ပူးပေါင်းနှိမ်နင်းရန် ယနေ့ပီကင်းတွင် သဘောတူ၏။

**အောက်တိုဘာ ၃၀ ၊** AFP ။ ။ မြန်မာအား အာဆီယံဥက္ကဋ္ဌအဖြစ် ထောက်ခံမည့် လက္ခဏာကို အင်ဒိုနီးရှားမှ ပြနေ၏။

**အောက်တိုဘာ ၃၀ ၊** AP ။ ။ ဒေါ်အောင်ဆန်းစုကြည်နှင့် မိမိတို့ ဆွေးနွေးပွဲအပြီး အလုပ်သမားဝန်ကြီးဦးအောင်ကြည်သည် မိမိတို့သည် နိုင်ငံရေးအကျဉ်းသားများ လွှတ်ငြိမ်းချမ်းသာခွင့်၊ ပြည်တွင်းငြိမ်းချမ်းရေး၊ စီးပွားရေးနှင့် ဘဏ္ဍာရေးများဆွေးနွေးခဲ့ကြောင်း ထုတ်ပြန်၏။

**အောက်တိုဘာ ၃၁ ၊** UN News Center ။ ။ ကုလအကြီးတမ်းအရာရှိ Vijay Gambari သည် မြန်မာအစိုးရ၏ ဖိတ်ကြားချက်ဖြင့် မြန်မာသို့ ရောက်လာ၏။

**အောက်တိုဘာ ၃၁ ၊** Malaysian Insider ။ ။ မြန်မာ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲနေမှုများသည် မှုယင်းသို့ နောက်ပြန် ပြန်ပြောင်းမည်မဟုတ်ဟု မြင်ကြောင်း အင်ဒို နီးရှားနိုင်ငံခြားရေးဝန်ကြီး မာတီနာတာလေဂါဝါ မှဆို၏။

**အောက်တိုဘာ၃၁ ၊** ND ။ ။ ကာကွယ်ရေးဝန်ကြီးဌာနမှ အမိန့်ချလျှင် အိန္ဒိယ၏ နယ်ခြားလုံခြုံရေးတပ်ဖွဲ့ (BSF) သည် မိုင် ၁၆၄၀ ရှည် အိန္ဒိယနှင့်မြန်မာနယ်စပ် စောင့်ကြပ်ရေးကို တာဝန်ယူလိုကြောင်း။

**အောက်တိုဘာ ၃၁ ၊** Irrawaddy ။ ။ အဲန်အဲလ်ဒီပါတီနှင့် မဟာမိတ်များသည် အဲန်အဲလ်ဒီပါတီမှတ်ပုံတင်ရေးကို လာမည့် နိုဝင်ဘာ ၄ တွင် ဆွေးနွေးမည်ဟု ဦးအေးသာအောင်မှ ရောဝတီသို့ ဆို၏။

**အောက်တိုဘာ ၃၁ ၊** Irrawaddy ။ ။ အစာငတ်ခံဆန္ဒပြနေသော နိုင်ငံရေးအကျဉ်းသား ၁၅ ဦးအား ထောင်အာဏာပိုင်များမှရေလည်းဖြတ် ခွေးတိုက်သို့လည်းပို့ ခဲ့၍ မိသားစုများသည် သူတို့၏ ကျန်းမာရေးအတွက် စိုးရိမ်နေကြောင်း။

**အောက်တိုဘာ ၃၁ ၊** DVB ။ ။ ကုလထိပ်သီးအရာရှိ နမ်ဗြားသည် မြန်မာသို့ ဆိုင်းမဆင့်ပုံမဆင့် အစိုးရခွင့်ပြုချက်ဖြင့် မြန်မာသို့ ရုတ်တရက်ရောက်လာ၏။

**နိုဝင်ဘာ ၁ ၊** Mizzima ။ ။ မိမိတို့၏ လက်နက်ကိုင်တိုက်ပွဲကို ဆက်လက်ပြုလုပ်နေဦးမည်ဟု မကဒတ ABSDF သည် မိမိတို့အဖွဲ့ တည်ထောင်သည့် ၂၃ နှစ်မြောက် (၁၉၈၈ နိုဝင်ဘာ ၁ ) နေ့တွင်ဆို၏။

**နိုဝင်ဘာ ၁ ၊** AHRC ။ ။ မြန်မာ၏ လယ်ယာမြေဥပဒေမူကြမ်းသည် တောင်သူလယ်သမားများ၏ အခြေခံအခွင့်အရေးကို ငြင်းပယ်ရာရောက်ကြောင်း Asian Human Rights Commission မှ ဆို၏။

**နိုဝင်ဘာ ၁ ၊** Asian Correspondent ။ ။ မြန်မာတပ်သည် မိမိတို့အပေါ် ဓါတုလက်နက်သုံးနေကြောင်း ကချင်တပ်များမှဆို၏။

**နိုဝင်ဘာ ၂ ၊** Malay Mail ။ ။ မြန်မာလုပ်သား ၉ ဦးအား အလုပ်လုပ်ပိုင်ခွင့်သက်တမ်းကုန်လျက် ဆက်လက်လုပ်ကိုင်နေ၍ ဖမ်းဆီးထားကြောင်း။

**နိုဝင်ဘာ ၂ ၊** Manila Bulletin ။ ။ ထိုင်းတွင် စာရွက်စာတမ်းမရှိ မသွားလာနိုင်၊ ငွေညှစ်ခံရ မြန်မာများသည် ထိုင်းရေကြီးမှု၏ လူမမြင်မေ့နေသော ဒုက္ခသည်များဖြစ်သည်။

**နိုဝင်ဘာ ၂ ၊** Irrawaddy ။ ။ ကမ္ဘာ့ငွေကြေးရံပုံငွေအဖွဲ့ (IMF) သည် အောက်တိုဘာ ၁၉ မှ စသည့် မြန်မာခရီးစဉ်ပြီးဆုံး၏။

**နိုဝင်ဘာ ၂ ၊** Wall Street Journal ။ ။ မြန်မာအစိုးရနှင့် အတိုက်အခံဝေဖန်သူများအကြား ဆွေးနွေးမှုများ အရှိန်တက်ခါ လုံးဝပြေလည်စေရန် မျှော်လင့်နေသူများရှိကြောင်း။

**နိုဝင်ဘာ ၂ ၊** Irrawaddy ။ ။ ပြည်တွင်း ပြုပြင်ပြောင်းလဲမှု များစွာလုပ်နေသော်လည်း မြန်မာအစိုးရသည် တိုင်းရင်းလက်နက်ကိုင်များနှင့် ပြဿနာပေါင်းစုံရှင်းရန် အခွင့်အရေး လက်လွှတ်ခံနေကြောင်း တိုင်းရင်းသားခေါင်းဆောင်များမှ သမုတ်နေကြောင်း စောရန်နိုင်မှ သတင်းဝေဖန်၏။

**နိုဝင်ဘာ ၂ ၊** Mizzima ။ ။ မြန်မာတိုင်းရင်းသားများအရေးနှင့် အခြေအနေများကို ကိုင်တွယ်ရန် ကုလထိပ်သီး Vijay Nambiar tm; Ethnic Nationalitites Council မှ ဥက္ကဋ္ဌဦး Sui Khar (CNF) မှ ဘန်ကောက် သတင်းရှင်းလင်းပွဲမှတဆင့် တိုက်တွန်း၏။

**နိုဝင်ဘာ ၂ ၊** DVB ။ ။ အာဏာပိုင်များသည် မိမိအား စစ်ဆေးစဉ် မိမိအပေါ် မူးယစ်ဆေးများသုံးခဲ့ကြောင်း ဆန္ဒပြ၍ အဖမ်းခံရသူ လယ်သမားများအတွက် ရှေ့နေလိုက်ပေးသူ ဦးဖိုးဖြူမှ ဆို၏။

**နိုဝင်ဘာ ၂ ၊** DVB ။ ။ မိသားစုမှ အပြင်ဆေးရုံတွင် ခွဲစိတ်ရန်တောင်းဆိုသော်လည်း နိုင်ငံရေးအကျဉ်းကျ ကိုနေမျိုးဇင်အား အင်းစိန်ထောင်တွင်း ဆေးရုံမှဆရာဝန်များမှ ခွဲစိတ်ကုသမည်ဟုဆို၍ မိသားစု သဘောတူလက်မှတ်ထိုးသင့် မသင့် အခက်တွေ့နေ၏။

**နိုဝင်ဘာ ၂ ၊** Cornell News Service ။ ။ ကထိက ရောဘတ် လီဘာမင်၏ ၂ နှစ်ကြာ လျှို့ဝှက်ရိုက်ကူးထားသည့် Myanmar- Lifting the curtain နိုဝင်ဘာ ၁၉ အမ်စတာဒမ် ရုပ်ရှင်ပြပွဲတွင် ပြသမည်။

**နိုဝင်ဘာ ၂ ၊** Japan Times ။ ။ အိန္ဒိယသည် အရှေ့သို့ရှုသည့်မူကို အရှိန်အဟုန်ဖြင့် ကူးပြောင်းနေ၏။ မြန်မာနှင့် ဗီယက်နမ်ခေါင်းဆောင်များကို ဖိတ်ကြားညှိခံခဲ့၏။

**စာမျက်နှာ ၁၃ သို့**

# အမေရိကန်သံများနဲ့ နိုင်ငံရေးအကျဉ်းသားဟောင်းများတွေ့ဆုံ

**DVB ၊ နိုဝင်ဘာ ၄ ။** ။ မကြာသေးမီက လွတ်မြောက်လာတဲ့ နိုင်ငံရေးအကျဉ်းသားဟောင်းတွေနဲ့ အမေရိကန်သံတမန်တွေ ဒီကနေ့တွေ့ဆုံခဲ့ကြတယ်လို့ သိရပါတယ်။

အမေရိကန် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မိုက်ကယ်ပေါ်စနာ၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်အထူးကိုယ်စားလှယ်ဒယ်ရစ်မစ်ချယ်တို့ပါဝင်တဲ့ အမေရိကန်ကိုယ်စားလှယ်အဖွဲ့နဲ့ မကြာသေးမီကာလာကမှ အကျဉ်းထောင်အသီးသီးကနေပြန်လည်လွတ်မြောက်လာတဲ့ ကိုဇာဂနာ၊ ကိုကိုကြီး(စမ်းချောင်း)၊ ကိုညီညီဦး၊ ကိုအာကာဘို၊ မစုစုနွေးနဲ့ ဒေါ်ထက်ထက်ဦးဝေတို့ တွေ့ဆုံခဲ့တာပါ။အဲဒီတွေ့ဆုံပွဲမှာဦးသိန်းစိန်ခေါင်းဆောင်တဲ့ မြန်မာအစိုးရသစ်ရဲ့ ပြုပြင်ပြောင်းလဲရေးလုပ်နေတာနဲ့ပတ်သတ်ပြီး ဆွေးနွေးကြသလိုပဲ နိုင်ငံရေးအကျဉ်း ဟောင်းတွေကလည်း အကျဉ်းထောင်ထဲမှာ ကျန်နေသေးတဲ့ နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေးအတွက်လည်း ဆွေးနွေးခဲ့ကြတယ်လို့ တွေ့ဆုံပွဲမှာပါဝင်ခဲ့တဲ့ ၈၈ မျိုးဆက် ကျောင်းသားများအဖွဲ့မှ ကိုကိုကြီး စမ်းချောင်းက ပြောပါတယ်။

"အဓိကကျတဲ့လူတွေ အပါအဝင် နိုင်ငံရေးအကျဉ်းသားတွေအားလုံး လွှတ်ပေးမယ်ဆိုရင် သူတို့မှာလည်း မြန်မာပြည်သူတွေနဲ့ပတ်သက်တဲ့ ပိုမိုတဲ့ အစီအစဉ်တွေ စီစဉ်ထားတာတွေ ရှိပါတယ်ဆိုတာ ကိုသူတို့ ပြောခဲ့တယ်တဲ့။

"နောက် မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်ကိုလည်း ဝါရှင်တန်ကို ဖိတ်ခဲ့တယ်ပေါ့နော်။ ဒါဟာ ဘာကိုဆိုလိုသလဲဆိုတော့ နွေးထွေးတဲ့ဆက်ဆံမှုမြန်မာနိုင်ငံနဲ့အမေရိကန်နိုင်ငံနဲ့ဟာနွေးထွေးတဲ့ဆက်ဆံမှု ရှိတယ်ဆိုတာ ပြခဲ့တယ်ပေါ့နော်။ ဒီထက်ဆက်ပြီးတော့ ပိုပြီးတော့ ကောင်းလာမယ်လို့ သူတို့က မျှော်လင့်ပါတယ်ပေါ့နော်။"

မြန်မာအစိုးရနဲ့ အမေရိကန်အစိုးတို့ကြားမှာ သဘောတူညီချက်တချို့ ရခဲ့တယ်လို့လည်း အဲဒီဆွေးနွေးပွဲမှာ ပါဝင်ခဲ့သူတွေက ပြောကြပါတယ်။

ဆွေးနွေးပွဲမှာ ပါဝင်ခဲ့တဲ့ မျိုးဆက်သစ်လူငယ်များအစည်းအရုံး (Generation Wave) မှ ကိုအာကိုဘိုက "နိုင်ငံရေးအကျဉ်းသားတွေလွတ်မြောက်လာဖို့အတွက် အမေရိကန်အစိုးရနဲ့မြန်မာအစိုးရဘာတွေသဘောတူညီမှု ရခဲ့တယ်ပေါ့နော်၊ ဘာတွေပေးလိုက်ရတယ်၊ မြန်မာအစိုးကဘာတွေရလဲပေါ့နော်။ နောက် နိုင်ငံရေးအကျဉ်းသားတွေကိုလွတ်ပေးဖို့အတွက် အမေရိကန်အစိုးရအနေနဲ့ အခုလက်ရှိ အုပ်ချုပ်နေတဲ့ အစိုးရအပေါ်ကို ဘယ်လိုကူညီတိုက်တွန်း နိုင်မလဲပေါ့နော်။

နေပြည်တော်မှာ မြန်မာအစိုးရနဲ့ သူတို့ ပူးပေါင်း ဒိုင်ယာလော့ တခု ရခဲ့တယ်ပေါ့နော်။ နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေးက အမေရိကန်အစိုးရနဲ့ မြန်မာအစိုးရရဲ့ ဆက်ဆံရေးနဲ့ တိုက်ရိုက်အချိုးကျတာပေါ့။ အဲဒါက အရေးအကြီးဆုံးအကြောင်းအရာတခု ဖြစ်တယ်ပေါ့နော်" လို့ ပြောပါတယ်။

အမေရိကန် လက်ထောက်နိုင်ငံခြားရေးဝန်ကြီးနဲ့မြန်မာနိုင်ငံဆိုင်ရာ အထူးသံတမန်တို့ဟာ မနေ့က မြန်မာအစိုးရရဲ့ ဝန်ကြီးတချို့နဲ့နေပြည်တော်မှာတွေ့ဆုံခဲ့ပြီး မြန်မာအစိုးရနဲ့လည်း သဘောတူညီမှုတချို့ ရခဲ့တယ်လို့ ဒီကနေ့တွေ့ဆုံခဲ့သူတွေကပြောကြပါတယ်။

# ဒေါ်စုနှင့် ကုလအထူးအကြံပေးဆွေးနွေး

**RFA ၊ နိုဝင်ဘာ ၄ ။** ။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးအရာရှိ Mr. Vijay Nambir က ၅ ရက်ကြာခရီးစဉ်အပြီး ဒီကနေ့ကြေညာချက် တစ်စောင်ထုတ်ပြန်လိုက်ပါတယ်။

ဒီခရီးစဉ်ရဲ့ အဓိကရည်ရွယ်ချက်ကသမ္မတဦးသိန်းစိန်ဦးဆောင်တဲ့ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အရေးပါတဲ့ ခြေလှမ်းတွေနဲ့ပတ်သက်ပြီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အနေနဲ့ ကျေနပ်အားရတယ်ဆိုတာကို မြန်မာခေါင်းဆောင်တွေနဲ့ သက်ဆိုင်သူအားလုံးကို တိုက်ရိုက်ပြောကြားဖို့ ဖြစ်တယ်လို့ Mr. Vijay Nambir က ပြောပါတယ်။

အမျိုးသားညီညွတ်ရေးအတွက် အားလုံးပါဝင်ပြီးကျယ်ပြန့်တဲ့ နိုင်ငံရေးလုပ်ငန်းစဉ်တွေ ချမှတ်လုပ်ဆောင်ဖို့ကုလသမဂ္ဂအနေနဲ့တိုက်တွန်းကြောင်း၊ ကျန်ရှိနေသေးတဲ့ နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးရေးနဲ့ နိုင်ငံရေးပါတီ မှတ်ပုံတင်ဥပဒေ ပြင်ဆင်ရေးဆွဲရေးကိစ္စတွေကို အဓိက ဦးစားပေးလုပ်ငန်းတွေအဖြစ် ဆောင်ရွက်သင့်ကြောင်းလည်း Mr.Vijay Nambir ရဲ့ထုတ်ပြန်ချက်မှာဆက်လက်ဖော်ပြထားပါတယ်။

မြန်မာနိုင်ငံ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးမှာ နိုင်ငံတကာရဲ့ နားလည် သဘောပေါက်မှု အားပေးထောက်ခံမှု လိုအပ်တယ် ဆိုတာကို အတွင်းရေးမှူးချုပ်နဲ့ ကုလသမဂ္ဂအဖွဲ့ကြီးက ခံယူထားကြောင်း၊ မြန်မာအစိုးရရဲ့ ပြုပြင်ပြောင်းလဲရေး အစီအစဉ်တွေဟာ မြန်မာနိုင်ငံနဲ့ နိုင်ငံတကာ အဝန်းအဝိုင်း အကြားမှာရော၊ မြန်မာနိုင်ငံနဲ့ ကုလသမဂ္ဂအကြားမှာပါ အပြန်အလှန် နားလည်သဘောပေါက်မှု ရရှိစေပြီး မြန်မာနိုင်ငံနဲ့ ကုလသမဂ္ဂ ရှေ့ဆက်ပူးပေါင်းဆောင်ရွက်ဖို့ အခွင့်အလမ်းတွေ ရရှိစေကြောင်းလည်း Mr. Vijay Nambir ရဲ့ ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

# အိုင်စီအာစီကို ဝင်ခွင့်ပေးဖို့တိုက်တွန်း

**RFA ၊ နိုဝင်ဘာ ၁ ။** ။ မြန်မာနိုင်ငံ အကျဉ်းထောင်အသီးသီးမှာ ကျန်ရှိနေသေးတဲ့ နိုင်ငံရေးအကျဉ်းသားစာရင်း အတိအကျ ကောက်ယူရေးအတွက် ICRC နိုင်ငံတကာ ကြက်ခြေနီအဖွဲ့ကို ဝင်ရောက်ဆောင်ရွက်ခွင့်ပေးဖို့ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စတာကင်တားနားက ဒီကနေ့ တိုက်တွန်းလိုက်ပါတယ်။

မြန်မာနိုင်ငံက နိုင်ငံရေးအကျဉ်းသားစာရင်း စစ်ဆေးကောက်ယူ အတည်ပြုမှုမှာ ICRC ကို အပြည့်အဝ ဝင်ရောက်ဆောင်ရွက်ခွင့်ပေးဖို့နဲ့ နိုင်ငံရေးအကျဉ်းသား အားလုံးလွှတ်ပေးဖို့လိုကြောင်း မစ္စတာကင်တားနား ပြောပါတယ်။

ဗိုလ်ချုပ်မှူးကြီး သန်းရွှေခေါင်းဆောင်တဲ့ စစ်အစိုးရဟာICRC နိုင်ငံတကာ ကြက်ခြေနီအဖွဲ့ကို ၂၀၀၅ ခု နိုဝင်ဘာလကစလို့မြန်မာနိုင်ငံကို ဝင်ရောက်ခွင့်ပိတ်ပင်ထားခဲ့ပါတယ်။ မြန်မာနိုင်ငံကထောင်တွေမှာကျန်ရှိနေသေးတဲ့ နိုင်ငံရေးအကျဉ်းသားစာရင်းအရေအတွက် အမျိုးမျိုး ဖြစ်နေတဲ့အတွက် ICRC နိုင်ငံတကာ ကြက်ခြေနီအဖွဲ့က ဖြစ်ဖြစ်၊အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကဖြစ်ဖြစ်စာရင်းကောက်ယူသင့်ကြောင်း သမ္မတအကြံပေးအဖွဲ့ဝင် ဒေါက်တာနေဇင်လတ်က RFA ကို မနေ့က ပြောခဲ့ပါတယ်။

ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရတဲ့ နိုင်ငံရေးအကျဉ်းသား ၃၀၀ လောက်ပဲ ကျန်တော့တယ်လို့ ဦးသိန်းစိန်အစိုးရက ပြောပေ

**စာမျက်နှာ ၁၂ သို့**



# သတင်းတိုထွာဖတ်စရာ

## သံအမတ်ဦးမြင့်နောင်ကို နှင်ထုတ်ရမည်

တောင်အာဖရိကဆိုင်ရာ မြန်မာသံအမတ်ဦးမြင့်နောင်သည် လူ့အခွင့်အရေးပေါက်ဖျက်မှုများစွာ ကျူးလွန်ခဲ့တဲ့ စစ်ဗိုလ်ဟောင်းဖြစ်နိုင်ကြောင်း၊ကရင်ရွာသားများစွာအား ရက်စက်ခဲ့သူ၊ ၂၀၀၇ တွင် ရဟန်းများအပေါ် ပစ်မှားရက်စက်ခဲ့သူဖြစ်နိုင်ကြောင်း စုံစမ်း၍ မှန်ကန်ပါက နှင်ထုတ်ရန် လှုပ်ရှားသူများမှ တောင်း ဆို၏။(Mail and Guardian, S Africa-4 Nov-2011)

## မြန်မာရေနံ ဓါတ်ငွေ့စိတ်ဝင်စား

ထိုင်းကုမ္ပဏီ PTT Exploration and Production ဟာ မြန်မာပင်လယ်အောက်ရေနံတူးဖော်ရေးမှာ အကွက် ၂ –၃ ကို လေလံဆွဲဖို့ စိတ်အားထက်သန်နေကြောင်း သတင်းထောက်များကို ပြောပါတယ်။ ကုမ္ပဏီဥက္ကဌဖြစ်သူ Anon Sirisaengtaksin ကပြောဆိုတာဖြစ်ပြီး အသေးစိတ်ကိုတော့ ပြောဆိုခြင်းမရှိဟု သိရပါတယ်။ မြန်မာအစိုးရကတော့ ရေနံနဲ့ သဘာဝဓာတ်ငွေ့နေရာ ၁၈ နေရာ အကွက်များကို သတ်မှတ်ပြီး လေလံခေါ်နေတာဖြစ်ပါတယ်။ (Reuters- 30 Oct-2011)

## မြန်မာ တရုတ်အရေးဆွေးနွေး

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီမြို့ Georgetown တက္ကသိုလ်မှာ မြန်မာ တရုတ်ဆက်ဆံရေးဆွေးနွေးပွဲတရပ် ကျင်းပခဲ့ပါတယ်။ ဒီဆွေးနွေးပွဲကို အာရှနဲ့ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဂျိုးဇက်ယွန်နဲ့အထက်လွှတ်တော် နိုင်ငံခြားဆက်ဆံရေးဌာနက မူဝါဒရေးရာအရာရှိတွေနဲ့ အဖွဲ့အစည်းအသီးသီးက ကျွမ်းကျင်ပညာရှင်တွေ အတော်များများတက်ရောက်ကြပါတယ်။ (RFA-3 Nov-2011)

## ကံဆိုးလှတဲ့ မြန်မာအလုပ်သမား

ဘန်ကောက်မြို့ရေကြီး ရေလျှံမှုရဲ့အကျိုးဆက်အဖြစ် ဆောက်တည်ရာမရဖြစ်ခဲ့ရတဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမား သုံးသောင်းကျော်ဟာ ထိုင်းလဝကရဲ့ ဖမ်းဆီးထိန်းသိမ်းခြင်းခံလိုက်ရပါတယ်။ ဒီအထဲက မဟာချိုင်က မြန်မာအလုပ်သမား ၁၀၀၀ ကျော်ဟာ မဲဆောက်သွားဖို့အတွက် လမ်းမှာ တဦးကို ဘတ် ၂၅၀၀ ကျော် ကားသမားကို လာဘ်ပေးခဲ့ကြရတယ်လို့ သတင်းက ဆိုပါတယ်။ ( The Nation- 30 Oct-2011)

## တရုတ်ကြီးကို လေချိုသွေးရ

မြစ်ဆုံဆည်ဆောက်ခြင်းအား ရပ်နားစေခဲ့ခြင်းနဲ့ မဲခေါင်မြစ်အတွင်း တရုတ်သင်္ဘောသား ၁၃ ဦး အသတ်ခံရမှုကြောင့် စိတ်တိုနေသော တရုတ်အစိုးရအား မြန်မာဝန်ကြီးမှ သွားပြီး လေချိုသွေးခဲ့ရတယ်လို့ သတင်းကဆိုပါတယ်။ တရုတ်အစိုးရနဲ့ မိမိတို့အစိုးရဟာ မိတ်ဆွေကောင်းဖြစ်ပြီး အစစ အနီးကပ် ပူးပေါင်းဆောင်ရွက်မှာဖြစ်ပါတယ်လို့ မြန်မာပြည်ထဲရေးဝန်ကြီးဦးကိုကိုမှ ပီကင်းတွင်ဆို၏။ (Reuters-1 Nov-2011)

## ဗိုလ်ကျော်ဆန်း ပြုတ်သွားပြီလား

တရုတ် မြန်မာယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်အရ တရုတ်နိုင်ငံမှ မသန်စွမ်း အနုပညာရှင်အဖွဲ့ရဲ့ ဖျော်ဖြေတင်ဆက်မှုကို နေပြည်တော်မှာကျင်းပပါတယ်။ ဒီပွဲမှာ ပြန်ကြားရေးနဲ့ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ကျော်ဆန်းအစား ဗိုလ်ချုပ်သိန်းဌေးက အဖွင့်စကားပြောခဲ့တယ်လို့ Xinhuaသတင်းကဆိုပါတယ်။ ဗိုလ်ချုပ်ကျော်ဆန်းဟာ ရာထူးမှ ပြုတ်သွားပြီလားလို့ ထင်နေကြပါတယ်။ သတင်းစာရှင်းလင်းပွဲတခုမှာ သတင်းထောက်များကို မျက်ရည်ကျပြလို့ နအဖဗိုလ်ချုပ်ကြီးများ သိက္ခာကျခဲ့ ရပါတယ်။ ( VOB- 1 Nov-2011)

## ဂျပန် အာဆီယံစီးပွားရေးဆွေးနွေး

ရန်ကုန်မြို့ စီတိုးနားဟိုတယ်မှာ ၃၇ ကြိမ်မြောက် အာဆီယံအဖွဲ့နှင့် ဂျပန်တို့ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲတခုပြုလုပ်ခဲ့ပါတယ်၊ ဒီ ဆွေးနွေးပွဲမှာ ဂျပန်ထိပ်တန်းစီးပွားရေးသမားများနဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးပညာရှင်တွေလည်းတက်ရောက်ကြပါတယ်။ ဆွေးနွေးကိုပေးပို့တဲ့ သမတဦးသိန်းစိန်ရဲ့ သဝဏ်လွှာကို ဝန်ကြီးဦးသူရသောင်းလွင်က ဖတ်ကြားပါတယ်။ ဂျပန်သံအမတ်ကတော့ ဂျပန်ဝန်ကြီးချုပ် Yoshihiko Noda ရဲ့ သဝဏ်လွှာကို ဖတ်ကြားခဲ့တယ်လို့ဆိုပါတယ်။ (Xinhua- 3 Nov-2011)

## လူမှောင်ခိုများ ဖမ်းမိ

လူမှောင်ခိုကူးတဲ့ မလေးရှားလူငယ်နှစ်ယောက်ကို မလေးရဲက ဖမ်းဆီးလိုက်ပါတယ်။ မြန်မာလူမျိုး ၁၀ ယောက်ကို ကားပေါ်တင်မောင်းနှင်လာစဉ် ဖမ်းဆီးမိတာဖြစ်ပါတယ်။ မြန်မာလူမျိုးတွေဟာ လိုရာခရီးရောက်ဖို့ လူမှောင်ခိုသမားများကို တယောက် ရင်ဂစ် ၃၀၀ စီပေးကြရတယ်လို့လည်း သတင်းကဆိုပါတယ်။ ဖမ်းမိတဲ့ လူငယ်နှစ်ယောက်ဟာ မလေးရှားနိုင်ငံ Kampung Wang Kelian က ဖြစ်တယ်လို့ဆိုပါတယ်။( Bernama- 2 Nov-2011)

## မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံကြပါ

မြန်မာနိုင်ငံရဲ့ တိုးတက်ပြောင်းလဲနေတာတွေကို မြင်တွေ့ရလို့ မြန်မာကို သွားရောက်ရင်းနှီးမြှုပ်နှံကြဖို့ မလေးရှား ဝန်ကြီးချုပ်ဟောင်း Dr Mahathir Mohamad က သူ့နိုင်ငံက သူဌေးကြီးများကို တိုက်တွန်းပြောဆိုပါတယ်။ ရန်ကုန်မြို့ စီးပွားရေးဆိုင်ရာဆွေးနွေးပွဲကို ရောက်ရှိနေတဲ့ Dr Mahathir ဟာ မြန်မာကို အာဆီယံအဖွဲ့ဝင်ဖြစ်ရေး အဓိကဦးဆောင်ပြောဆိုခဲ့တာလည်း ဖြစ်ပါတယ်။ သမတဦးသိန်းစိန်ကလည်း မြန်မာနိုင်ငံကို လာရောက်ရင်းနှီးမြှုပ်နှံကြဖို့ ဖိတ်ခေါ်ထားတယ်လို့လည်း သူကဆိုပါတယ်။ ( Bernama- 3 Nov-2011)

# အမေရိကန်အထူးကိုယ်စားလှယ် နှစ်ဦး ဦးဝဏ္ဏမောင်လွင်နှင့် နေပြည်တော်မှာတွေ့

**VOA ၊ နိုဝင်ဘာ ၂ ။** ။ မြန်မာနိုင်ငံကိုရောက်နေတဲ့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ Vijay Nambiar ဟာ မနက်ဖြန် ရန်ကုန်မြို့မှာကျင်းပမယ့် ကွယ်လွန်သူ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့် ရာထူးလက်ခံရရှိတဲ့ နှစ် ၅၀ ပြည့် အခမ်းအနားကို တက်ရောက်မှာဖြစ်ပါတယ်။ မစ္စတာနမ်ဘီယားဟာ နေပြည်တော်မှာ အစိုးရတာဝန်ရှိသူတွေနဲ့ တွေ့ဆုံပြီးဒီကနေ့ဘဲ နေပြည်တော်ကနေ ရန်ကုန်မြို့ကိုပြန်လည်ထွက်ခွာသွားတာဖြစ်ပါတယ်။ အပြည့်အစုံကိုတော့ ကိုဇော်ဝင်းလှိုင်ကတင်ပြပေးထားပါတယ်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာဗီဂျေး နမ်ဘီယားဟာနေပြည်တော်မှာ အစိုးရတာဝန်ရှိသူတွေနဲ့ ၂ ရက်ကြာ တွေ့ဆုံပြီး ဒီကနေ့မှာတော့ မန္တလေး၊ ပုဂံညောင်ဦးကတဆင့် ရန်ကုန်မြို့ကို ပြန်လည် ထွက်ခွာသွားပြီ ဖြစ်ပါတယ်။

မစ္စတာနမ်ဘီယားဟာ ကြာသပတေးနေ့ နိုဝင်ဘာ ၃ ရက်နေ့မှာတော့ ရန်ကုန်မြို့မှာကျင်းပမယ့် မြန်မာနိုင်ငံသား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်ရာထူးလက်ခံရရှိတဲ့ နှစ် ၅၀ ပြည့်အခမ်းအနားနဲ့ ညစာစားပွဲကို တက်ရောက်မှာဖြစ်တဲ့အကြောင်း နေပြည်တော်မှာရှိတဲ့ နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ရှိသူတဦးက ပြောပါတယ်။

"၆ နာရီခွဲမှာ ဆီဒိုးနားဟော်တယ်မှာ ကျင်းပမယ့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့် ရာထူးလက်ခံရရှိတဲ့ နှစ် (၅၀) ပြည့် အထိမ်းအမှတ်ညှေ့ခံပွဲကို တက်မယ်။ ၈ နာရီမှာက သူတို့ Diner (ညစာစားပွဲ) ရှိတယ်ပေါ့နော်။ ညှေ့သည်ကဘဲ တည်ခင်းညှေ့ခံတဲ့ ဒင်နာသူတို့ဟာ သူတို့အစီအစဉ်ရှိတယ်ဆီဒိုးနားမှာ။ဒီကနေ့စတဲ့Program(အစီအစဉ်) ကျတော့ သူ မနက်အစောကြီး ထွက်သွားတယ်။ ၆ နာရီ လောက်က တည်းက ဒီကနေ့ မန္တလေးကို ထွက်တယ်။ ခန့်မှန်းခြေ ၉ နာရီ လောက်ဘဲ ရောက်တယ်လို့ဘဲ မျှော်လင့်ထားတယ်။

အခု လောလောဆယ်တော့ ကျနော်သိတာတော့ သူတို့ ၆ နာရီမှာ မန္တလေးကို ထွက်သွားတယ်။ ကျန်တဲ့ Program (အစီအစဉ်)တွေတော့ ကျနော်တို့မသိတော့ဘူး။ ဒီမှာ စီစဉ်ထားတာအရဆိုရင်တော့ မန္တလေးကို ၉ နာရီလောက်ရောက်မယ်။ ၁၁ နာရီ ၄၅ မိနစ်လောက်မှာ မန္တလေးတိုင်း ဝန်ကြီးချုပ်နဲ့တွေ့မယ်။ ပြီးရင် တခြား သူ့အဖွဲ့အစည်းတွေနဲ့တွေ့ဖို့ရှိတယ်။ ဒါကသူတို့အစီအစဉ်တွေ။ ပြီးတော့သူ ၁၂ ခွဲမှာ ညောင်ဦးကို မော်တော်ယာဉ်နဲ့ထွက်တယ်။ ညောင်ဦးမှာ နဲနဲလျှောက်ကြည့်တယ်။ ပြီးလို့ရှိရင် ခုနကပြောတဲ့ ၅ နာရီ ၂၅ လေ ယာဉ်နဲ့ ရန်ကုန်ကို ပြန်တယ်။ ၆ နာရီ ၄၅ ရောက်မယ်ပေါ့နော်။ ရန်ကုန်ကို။ မနက်ဖြန်ကျတော့လည်း ပုသိမ်ကိုသွားမယ်၊ ၇ နာရီမှာ။ ဧရာဝတီတိုင်းဝန်ကြီးချုပ်နဲ့ တွေ့မယ်။"

သောကြာနေ့ နိုဝင်ဘာ ၄ ရက်နေ့မှာတော့ ရန်ကုန်မြို့မှာရှိတဲ့ အဖွဲ့အစည်းတွေနဲ့ တွေ့ဆုံဖို့ရှိပြီး ညနေစောင်းမှာ မြန်မာနိုင်ငံကနေ ပြန်လည်ထွက်ခွာမှာဖြစ်ပါတယ်။သူ့အနေနဲ့ရန်ကုန်မှာရှိနေစဉ်အတွင်း မြန်မာ့ ဒီမိုကရေစီအရေးခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံဖို့တဲ့အကြောင်း NLD တာဝန်ရှိသူတွေက ပြောပေမယ့် ဘယ်နေ့ ဘယ်အချိန်မှာ တွေ့မယ် ဆိုတာတော့ အတိအကျမသိရသေးပါဘူး။

အလားတူဘဲ မြန်မာနိုင်ငံကို နိုဝင်ဘာ ၁ ရက်နဲ့ ၂ ရက်နေ့တို့မှာ အသီးသီးရောက်လာကြတဲ့ အမေရိကန် ဒီမိုကရေစီ၊ လူ့အခွင့်အရေးနဲ့ အလုပ်သမားရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Michael Posner၊ မြန်မာနိုင်ငံဆိုင်ရာ မူဝါဒရေးရာ အထူးအကြံပေးပုဂ္ဂိုလ် Derek Mitchell တို့ဟာလည်း ဒီကနေ့ နေ့လည်ပိုင်းမှာဘဲ နေပြည်တော်ကို ရောက်လာပြီး နိုင်ငံခြားရေးဝန်ကြီးဦးဝဏ္ဏမောင်လွင်၊ ပြည်ထဲရေးဝန်ကြီးတို့နဲ့ တွေ့ဆုံခဲ့တဲ့အကြောင်း နေပြည်တော် နိုင်ငံခြားရေးဝန်ကြီးဌာနက တခြားတာဝန်ရှိသူ တဦးကလည်း အခုလို ပြောပြပါတယ်။

"၂ နာရီ ၁၅ မှာ နိုင်ငံခြားရေးဝန်ကြီးနဲ့ တွေ့သွားတယ်။ ၃ နာရီ ၁၅ မှာ ပြည်ထဲရေးဝန်ကြီးနဲ့ တွေ့တယ်။ ၇ နာရီမှာ နိုင်ငံခြားရေးဝန်ကြီးက ညစာ ကျွေးမယ်။"

သူတို့ ၂ ယောက်စလုံး အတူတူဘဲလား ခင်ဗျ၊ တပါတည်း အတူတူတွေ့တာပေါ့။

"တဖွဲ့ထဲပါဘဲ။ နေပြည်တော်မှာ မနက်ဖြန်ခါအထိဘဲ နေမယ်။ မနက်ဖြန် ၂ နာရီနောက်ပိုင်းမှာ ပြန်ထွက်မယ်။ သမ္မတကြီးနဲ့တွေ့ဖို့ အစီအစဉ်တော့ မရှိဘူး။ မနက်ဖြန် ၉ နာရီမှာ နယ်စပ်ဝန်ကြီးနဲ့တွေ့မယ်။ ၁၀ နာရီမှာ အလုပ်သမားဝန်ကြီးနဲ့တွေ့မယ်။ ၁ နာရီ ၁၅ မှာက ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်လား၊ ဒုတိယကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းလား မသိသေးဘူး။ အခုကျနော်အခု ကျနော်တို့နောက်ဆုံးလုပ်ထားတာတော့ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နဲ့လုပ်ထားတယ်။ ဒါပေမယ့် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ခရီးသွားနေတယ်ဆိုလား မသိဘူး။ ဆိုတော့ ဒုတိယ ကာကွယ်ရေးဦးစီးချုပ် ပြန်ပြောင်းတယ်လို့လည်း ပြောတယ်။"

အမေရိကန် အဆင့်မြင့် ကိုယ်စားလှယ် ၂ ဦးဟာ ရန်ကုန်မြို့ကို ပြန်ရောက်ပြီး နောက်တနေ့ နိုဝင်ဘာလ ၄ ရက်နေ့ သောကြာနေ့မှာ မြန်မာ့ဒီမိုကရေစီအရေး ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံဖို့ ရှိတယ်လို့ NLD တာဝန်ရှိသူတွေက ပြောထားပါတယ်။

ဒီကိုယ်စားလှယ် ၂ ယောက်ဟာ မြန်မာနိုင်ငံမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ စစ်မှန်တဲ့ ပြုပြင်ပြောင်းလဲမှုတွေ ဖြစ်ပေါ်လာရေး မြန်မာအစိုးရနဲ့အမေရိကန်အစိုးရကြား ဆွေးနွေးနေတာတွေရဲ့နောက်ဆက်တွဲအဖြစ် မြန်မာနိုင်ငံကို ရောက်ရှိလာကြတာဖြစ်တယ်လို့ရန်ကုန်မြို့မှာရှိတဲ့ အမေရိကန်သံရုံးက သတင်းထုတ်ပြန်ထားပါတယ်။

**စာမျက်နှာ ၁၀ မှ**

မယ့် ပြည်တွင်းပြည်ပ အဖွဲ့အစည်းအများစုရဲ့ စာရင်းအရ မြန်မာနိုင်ငံ တစ်လွှားက အကျဉ်းထောင်အသီးသီးမှာ နိုင်ငံရေးအကျဉ်းသားအရေအတွက်က အနည်းဆုံးတစ်ထောင် အထက်မှာရှိပါတယ်။ နိုင်ငံရေးအကျဉ်းသားတွေ အားလုံးလွှတ်ပေးရမယ်ဆိုပြီး ဦးသိန်းစိန်အစိုးရအပေါ် ဖိအားပေးတိုက်တွန်းမှုတွေ ပြင်းထန်လာလေလေ မြန်မာနိုင်ငံမှာ နိုင်ငံရေးအကျဉ်းသား ဘယ်လောက်ရှိသလဲ ဆိုတဲ့မေးခွန်းကပိုပြီး အရေးပါလာလေလေ ဖြစ်နေပါတယ်။

အစိုးရဘက်က ပြောဆိုတဲ့စာရင်း၊ ထိုင်းနိုင်ငံအခြေစိုက် AAPP နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းကပြုစုကောက် ယူထားတဲ့စာရင်းအပါအဝင် မြန်မာနိုင်ငံမှာ လောလောဆယ်နိုင်ငံရေးအကျဉ်းသားစာရင်းက အနည်းဆုံးလေးမျိုးလောက်ကွဲနေပါတယ်၊

## ပြကွဒိန်မှ

**နိုဝင်ဘာ ၂။** VOA ။ ။ လျှပ်စစ်မလာ ရေမလာ အငှါးခန်းများတွင် သောင်တင်နေသော မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို စသည်တို့မှ နယ်ပြောင်းလုပ်သားများ ထိုင်းရေဘေးတွင် ပိတ်မိနေ၏။

**နိုဝင်ဘာ ၂ ။** Mainichi Daily ။ ။ ပွင့်ပွင့်လင်းလင်းပြောရလျှင် မိမိဂျပန်သို့လာခဲ့ခြင်းအတွက် ဝမ်းမသာကြောင်း ၄၆ နှစ်အရွယ် မြန်မာမှခိုလှုံခွင့်ဖြင့် လာရောက်သူတဦးမှ ဆိုခြင်းကို ထောက်၍ ဂျပန်သည် နောက်ထပ် လုပ်စရာအများကြီးကျန်သေးကြောင်းသိနိုင်ကြောင်း။

**နိုဝင်ဘာ ၃ ။** PHNOM PENH ။ ။ မြန်မာစစ်လေယာဉ်များသည် ကမ္ဘောဒီးယားလေဆိပ်သို့ စားနပ်ရိက္ခာ ၈ တန် ပို့ခဲ့ကြောင်း။

**နိုဝင်ဘာ ၃ ။** Bernama ။ ။ မြန်မာတွင် ယခုမမြုပ်နှံလျှင် နောက်ကျမည်ဟု  မလေးများအား မဟာသီမှ တိုက်တွန်း၏။

**နိုဝင်ဘာ ၃ ။** The Hindu ။ ။ မြန်မာအစိုးရသည် ပြောင်းလဲမှုကို အတည်ပြုလုပ်နေကြောင်း သမိုင်းသုတေသီ ဦးသန့်မြင့်ဦးမှဆို၏။

**နိုဝင်ဘာ ၃ ။** AP ။ ။ ရန်ကုန်ဆင်ခြေဖုံးတခုတွင် အငှားကားထဲ ဗုံးတလုံးပေါက်၍ ကားမောင်းသူသေဆုံး တဦး ဒဏ်ရာရကြောင်း။

**နိုဝင်ဘာ ၃ ။** Christian Today ။ ။ ခရိယာန်ဘာသာဘုန်းကြီးကျောင်းများသည် သမာကျမ်းစာသင်တန်းစသည်များ ဖွင့်လိုလျှင် အနည်းဆုံး ၂ ပတ်ကြိုအကြောင်းကြား အသိပေးရမည်ဟု ကချင်ပြည်နယ်ဒေသအချို့တွင် အာဏာပိုင်များမှ ကန့်သတ်ချက်အသစ်များ ချမှတ်ခဲ့ကြောင်း။

**နိုဝင်ဘာ ၃ ။** Irrawaddy ။ ။ မြန်မာတပ်များနှင့် ကေအိုင်အေတပ်များ တိုက်ပွဲများကြောင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် မီးပြတ်မှုများဖြစ်နေကြောင်း။

**နိုဝင်ဘာ ၃ ။** Irrawaddy ။ ။ နိုင်ငံကူးမြန်မာလုပ်သားများထံမှ ငွေချူသော နယ်ခြားစောင့်တပ် BGF အချို့အား မြဝတီအာဏာပိုင်များမှ အရေးယူနေ၏။

**နိုဝင်ဘာ ၃ ။** Mizzima ။ ။ မြန်မာသို့ ၃ ရက်တာခရီးစဉ်တွင် ဂျာမန်ဒုနိုင်ငံခြားရေးဝန်ကြီး Werner Hoyer သည် ဒေါ်စုနှင့်လည်း တွေ့ဆုံမည်။

**နိုဝင်ဘာ ၃ ။** Mizzima ။ ။ နိုဝင်ဘာတွင် ကျင်းပနေကျ ကျောက်မျက်ရတနာပြပွဲကို ဖျက်သိမ်းလိုက်ကြောင်း။

**နိုဝင်ဘာ ၃ ။** DVB ။ ။ လယ်သမားများ၏လိုအပ်ချက်နှင့်ဆန္ဒကို မလေးစား၍ မြန်မာအစိုးရသည် အကြိမ်ဆဲခံရမည်ဖြစ်ကြောင်း တက္ကသိုလ်မှ Nancy Hudson-Rodd Edith Cowan  မှ ဆို၏။

**နိုဝင်ဘာ ၃ ။** RFA ။ ။ အဲန်အဲလ်ဒီ အပြတ်အသတ်နိုင်ခဲ့သည့် ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုကြောင်း ပျောက်ဖျက်မရသောကိစ္စ ဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော်ဥက္ကဋ္ဌဦးခင်အောင်မြင့်မှ ရန်ကုန်တိုင်းသတင်းစာစောင် အောက်တိုဘာ ၃၁ နေ့  အင်တာဗျူးတွင်ဆိုကြောင်း။

**နိုဝင်ဘာ ၄ ။** DVB ။ ။ အမေရိကန်လက်ထောက်နိုင်ငံခြားေးဝန်ကြီး မိုက်ကယ်ပိုစနာ၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်အထူးကိုယ်စားလှယ် ဒဲရစ်မစ်ချဲလ်တို့ အပါအဝင် အမေရိကန်သံတမန်များသည် မကြာခင်ကလွှတ်လာသူ ကိုဇာဂနာ၊ ကိုကိုကြီး(စမ်းချောင်း)၊ ညီညီဦး၊ အာကာဘို၊ မစုစုနွေး၊ ဒေါ်ထက်ထက်ဦးဝေ စသည့် နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် တွေ့ဆုံ၏။

**နိုဝင်ဘာ ၄ ။** DVB ။ ။ ဒေါ်အောင်ဆန်းစုကြည်နှင့် အစိုးရတို့ တွေ့ဆုံမှုများသည် အထူးအရေးကြီးပြီး အဆက်မပြတ်လုပ်သွားရန်လိုကြောင်း အမေရိကန် မြန်မာရေးအထူးသံ ဒဲရစ်မစ်ချဲလ်မှ သတင်းအဖွဲ့များသို့ဆို၏။

**နိုဝင်ဘာ ၄ ။** AI ။ ။ မြန်မာသည် အစာတော်ခံဆန္ဒပြ နိုင်ငံရေးအကျဉ်းသား ၁၅ ဦးအား သောက်ရေများပေးသည့်အပြင် ခွေးတိုက်ထဲမှ အမြန်ဆုံးထုတ်ရန် လိုကြောင်း အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့  Amnmesty International မှဆို၏။

**နိုဝင်ဘာ ၄ ။** UN NewsCenter ။ ။ မြန်မာသည် ပြုပြင်ပြောင်းလဲမှုများ ဆက်လုပ်လျှင် လမ်းကောင်းသို့ရောက်နိုင်ကြောင်း မြန်မာမှပြန်လာသော  Vijay Nambiar မှဆို၏၊

**နိုဝင်ဘာ ၄ ။** AP ။ ။ အဲန်အဲလ်ဒီပါတီအား ပါတီအဖြစ်မှတ်ပုံတင်နိုင်ရန်အလို့ငှါ နိုင်ငံရေးပါတီ မှတ်ပုံတင်ရေးဥပဒေကြမ်းကို သမတဦးသိန်းစိန်မှ လက်မှတ်ထိုး၍ ဥပဒေအဖြစ် အတည်ပြုခဲ့၏။

**နိုဝင်ဘာ ၄ ။** AI ။ ။ အနှိပ်စက်ခံ နိုင်ငံရေးအကျဉ်းကျ အရှင်ဂမ္ဘီရသည် ကျန်းမာရေးအထူးဆိုးနေ၏။  သူ့အား ဆေးဝါးကုသပေးသည်ထက် စိတ်ငြိမ်ဆေး အိပ်ဆေးများသာပေးနေကြောင်း။

**နိုဝင်ဘာ ၃ ။** Christian Post ။ ။ မြန်မာစစ်တပ်များသည် ကချင်လက်နက်ကိုင်တပ်များအား တိုက်ခိုက်ရာတွင် ခရစ်ယာန်ပြည်သူများနှင့် ကျောင်းကန်များအား ရွေး ဖျက်ဆီးနေကြောင်း။

**နိုဝင်ဘာ ၄ ။** Asian Correspondent ။ ။ မြန်မာစစ်တပ်များသည် ကချင်အမျိုးသားများအား စစ်တပ်ပေါ်တာအဖြစ်ငင်း အမျိုးသမီးများအား ပြန်ပေးဆွဲ၍ ရှေ့တန်း အာသာဖြေကျွန်များအဖြစ် သုံးနေကြောင်း ကချင်နှင့်လူ့အခွင့်အရေးအဖွဲ့များမှ ဆို၏။

**နိုဝင်ဘာ ၄ ။** The National ။ ။ မြန်မာရွေးကောက်ပွဲ တနှစ်မြောက်မည့် နိုဝင်ဘာ ၇ သည် ကျင်းပပွဲပြုလုပ်ရန် အကြောင်းမရှိသေးကြောင်း အယ်ဒီတာ  Sholto Byrnes မှ သတင်းဝေဖန်၏။

**နိုဝင်ဘာ ၄ ။** Nation. LAHORE ။ ။ ပီအိုင်အေ လေကြောင်းသည် မြန်မာသို့ လေယာဉ်များ ငှားရမ်းမှုမှ ငွေ ဒေါ်လာ ၄ သန်းခွဲ ရခဲ့၏။

**နိုဝင်ဘာ ၄ ။** Irrawaddy ။ ။ ကြံ့ဖွံ့ဝင် အမတ်များသည် အစိုးရအဖွဲ့တွင် တပြိုင်နက် ရာထူးကြီးနေရာ ၂ ခုကိုင်ပိုင်ခွင့်ပြုစေရန်အလို့ငှါ ၂၀၀၈ ဥပဒေကို ပြင်ဆင်ရန် အဆိုတင်သွင်းကြ၏။

**နိုဝင်ဘာ ၄ ။** Irrawaddy ။ ။ ဒီကေဘီအေ တပ်မဟာ ၅ သည် မြန်မာတပ်ကိုယ်စားလှယ်အဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူလက်မှတ်ထိုးခဲ့ကြောင်း ဒီကေဘီအေ ဗိုလ်ချုပ် စောလပွေးမှဆို၏။

**နိုဝင်ဘာ ၄ ။** Irrawaddy ။ ။ မြန်မာအများဆုံးနေသည့် ရွှေ့ပြောင်းလုပ်သား ၅၀၀ ခန့်အား ရေဘေးနှင့်ဝေးသည့် ရာဂ်ပူရီသို့ ရွှေ့ပြောင်းပေးမည်ဟု ဆို၏။

**နိုဝင်ဘာ ၄ ။** Mizzima ။ ။ မြစ်ကြီးနားနှင့် ဗိုင်းမော်သို့ လျှပ်စစ်အားပို့သည့် ကေအိုင်အိုပိုင် မေလိချောင်းလျှပ်စစ်ဓါတ်အားပေးစက်ရုံမှ လျှပ်စစ်လိုင်းသည် မြန်မာတပ်များကြောင့် ပြတ်ခဲ့ရကြောင်း ကေအိုင်အိုမှဆို၏။

**နိုဝင်ဘာ ၄ ။** DVB ။ ။ မြန်မာရှိ ယူကေ အစိုးရအကူအညီအဖွဲ့သည် ကချင်ဒုက္ခသည်များသို့ အကူအညီ ရိက္ခာများပို့ရန် ကြိုးပမ်းနေ၏။

**နိုဝင်ဘာ ၄ ။** DVB ။ ။ ထိုင်းရှိမြန်မာများအား ထိုင်းရေဘေးမှ ရှောင်ရှားသွားလာနိုင်ရန် ထိုင်းရှိ မြန်မာသံရုံးသည် ယာယီနိုင်ငံကူးလက်မှတ်များထုတ်ပေးနေ၏။

# ကြက်သွန်ဈေး မတက်ဖို့ ပြည်ပမှ တင်သွင်းမည်ဟု စက်မှုလုပ်ငန်းရှင်များက ဆို

**Mizzima ၊ နိုဝင်ဘာ ၁ ။** ။ ကြက်သွန်ဈေးများ တက်မည်ကို ကာကွယ်သည့်အနေဖြင့် ကြက်သွန်များကို လိုအပ်ပါက ပြည်ပနိုင်ငံများမှ တင်သွင်းသွားမည်ဟု မြန်မာနိုင်ငံ စက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) လက်အောက်ရှိ ကြက်သွန် စိုက်ပျိုးထုတ်လုပ်သူများ အသင်းက ပြောသည်။

ကြက်သွန် စိုက်ပျိုးရာဒေသဖြစ်သည့် မကွေးတိုင်း ပခုက္ကူခရိုင်အတွင်း အောက်တိုဘာလ ၂၀ ရက်နေ့တွင် ရေကြီးခဲ့ပြီးနောက် ကြက်သွန်ခင်းများ ပျက်စီးခဲ့ရာမှ ကြက်သွန်နီ (ရှယ်) တပိဿာလျှင် ၇၀၀ ကျပ်မှ ၁,၂၀၀ ကျပ်သို့မြင့်တက်သွားခဲ့သည်။

အဆိုပါ ဖြစ်ရပ်ကြောင့် ကြက်သွန်ဈေးများ ထပ်မတက်ရန်ကာကွယ်သည့်အနေဖြင့် ကြက်သွန်များကို ပြည်ပနိုင်ငံများမှ တင်သွင်းမည်ဟု ကြက်သွန်စိုက်ပျိုးထုတ်လုပ်သူများ အသင်း၏ ပြန်ကြားရေးတာဝန်ခံဦးခင်ဟန်က မဇ္ဈိမကိုပြောခြင်း ဖြစ်သည်။

ယခုနှစ်အတွင်း ရေကြီးမှုကြောင့် မြစ်သားနှင့် ပခုက္ကူ ဒေသရှိ ကြက်သွန်စိုက် ဧက ၂၅ ရာခိုင်နှုန်းခန့် ပျက်စီးခဲ့သော်လည်း ကြက်သွန်လက်ကျန် ပိဿာချိန် သိန်း ၂၆၀ ကျော်ရှိပြီး ပိဿာချိန် သိန်း ၂,၀၀၀ ခန့် ထပ်မံထွက်ရှိလာမည်ဖြစ်ခြင်းကြောင့် ပြည်တွင်းစားသုံးရန် ဖူလုံပြီး ကြက်သွန်ဈေး အဆမတန်တက်ဖွယ်မရှိဟုလည်း ကြက်သွန်အသင်းက ပြောသည်။

"ပျက်တဲ့နေတာတွေပြန်စိုက်မယ်။အခုကုန်သည်တွေနဲ့အသင်းနဲ့ညှိပြီး လုပ်ပေးဖို့စီစဉ်နေတယ်။ ဒီတပတ်ထဲ ကွင်းဆင်းမှာ" ဟုလည်း ဦးခင်ဟန်ဆိုသည်။ မြန်မာနိုင်ငံတွင် ကြက်သွန်နီ အများဆုံးထွက်ရှိသည့်ဒေသမှာ မန္တလေးတိုင်းဖြစ်ပြီး၊ မိုးကြက်သွန် စိုက်ဧက စုစုပေါင်း ၇၀၈၃ ရှိကာ၊ ဆောင်းစိုက်ဧက ၆၂၂,၈၈၁ ရှိကြောင်း အစိုးရ၏တရားဝင်ထုတ်ပြန်ချက်များအရ သိရသည်။

ဆောင်းကြက်သွန်ပေါ်သည့် နိုဝင်ဘာလတွင် ပုံမှန်အားဖြင့် ပိဿာချိန်သုံးသောင်းခန့် နေ့စဉ် ဝင်လေ့ရှိသော်လည်း ပခုက္ကူရေကြီးမှုကြောင့် တသောင်းခန့်သာ ဝင်လာသည်ဟု ပခုက္ကူမှ ကြက်သွန်ပွဲရုံပိုင်ရှင်တဦးကပြောသည်။ မြန်မာနိုင်ငံမှကြက်သွန်များကို ထိုင်း၊အိန္ဒိယနှင့် တရုတ်နိုင်ငံများသို့ တင်ပို့လေ့ရှိပြီး ပြည်တွင်း လိုအပ်ချက်ကြောင့် ဈေးနှုန်း မြင့်တက်ချိန်တွင် ပြည်ပမှ  မှာယူတင်သွင်းမှုများရှိသည်။ ၂၀၀၉ ခုနှစ်အတွင်း ကြက်သွန်(ရှယ်) တပိဿာ ကျပ် ၁,၈၀၀ ခန့်အထိမြင့်တက်သွားခဲ့ရာ အိန္ဒိယနိုင်ငံမှ တန်ချိန်ပေါင်း ၅၀၀ ကျော် မှာယူခဲ့ဖူးသည်။

အောက်တိုဘာလ ၁၉ ရက်နှင့် ၂၀ ရက်နေ့တွင် မိုးသည်းခဲ့ရာ ယောချောင်း၊ ကျောချောင်း၊ ယမားချောင်း၊ မြိုင်ချောင်း၊ ရွှေချောင်းတို့မှ တောင်ကျရေဆင်းပြီး မကွေးတိုင်း ပခုက္ကူ၊ မြိုင်၊ ပေါက်နှင့် ဆိပ်ဖြူမြို့နယ်တို့တွင်ရေလွှမ်းမိုးမှုကြောင့် သေဆုံးပျောက်ဆုံးသူ ၁၆၁ ဦး ၊လူပေါင်း ၂,၆၅၇ ဦး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရပြီး ပျက်စီးဆုံးရှုံးမှု တန်ဖိုး ကျပ်သန်း ၁,၅၀၀ ခန့်ကြောင်း  တရားဝင်ထုတ်ပြန်ခဲ့သည်။

# တရားရုံးဆိုးဖြတ်ချက် ဥပဒေနဲ့မညီ

**RFA ၊ နိုဝင်ဘာ ၁ ။** ။ ဥပဒေမူကြမ်းတွေကို စိစစ်ပေးဖို့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးကို တင်ပြရေးအတွက် ပြည်ထောင်စုလွှတ်တော် ဥက္ကဋ္ဌဦးခင်အောင်မြင့်က ဆုံးဖြတ်အတည်ပြုခဲ့တာဟာ အခြေခံဥပဒေ လုပ်ထုံးလုပ်နည်းတွေနဲ့ မကိုက်ညီတဲ့အတွက် လွှတ်တော်အမတ်တွေက မနေ့က လက်မှတ်ထိုး ကန့်ကွက်ခဲ့တယ်လို့ သိရပါတယ်။

အခြေခံဥပဒေနဲ့ မညီဘဲ ပြည်ထောင်စု လွှတ်တော်ဥက္ကဋ္ဌက အတည်ပြုလိုက်တဲ့ "ဖွဲ့စည်းပုံ အခြေခံဥပဒေ ဆိုင်ရာခုံရုံးကနေ ဥပဒေမူကြမ်းတွေ စိစစ်ပေးရေး" အဆိုကို ပြည်သူ့လွှတ်တော်က ထောက်ခံပြီး ပြည်ထောင်စုလွှတ်တော်ရဲ့အဆိုကို ပယ်ချခဲ့တယ်လို့သိရပါတယ်။

အောက်တိုဘာ ၂၈ ရက်နေ့က ပြည်ထောင်စု လွှတ်တော်ဥက္ကဋ္ဌ အတည်ပြုလိုက်တဲ့ ဒီအဆိုကို ကန့်ကွက်ကြောင်းနဲ့ ပယ်ဖျက်ကြောင်း မနေ့က ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ ပြည်သူ့ လွှတ်တော် အခွင့်အရေး ကော်မတီ အတွင်းရေးမှူးက အဆိုတင်သွင်းခဲ့ပြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၇ ဦးက ထောက်ခံဆွေးနွေးခဲ့တယ်လို့ သိရပါတယ်။

ဥပဒေပြုရေး ကဏ္ဍကို လွှတ်တော်ကသာ ဆုံးဖြတ်ရမှာဖြစ်တဲ့အတွက် ဥပဒေကြမ်းကို သံသယရှိရင် စိစစ်ဖို့ အခြေခံဥပဒေဆိုင်ရာ ခုံရုံးကို ပေးပို့ရေး ပြည်ထောင်စု လွှတ်တော်က အတည်ပြုလိုက်တာဟာ လွှတ်တော်ရဲ့ အခွင့်အာဏာကို ထိပါးရာ ရောက်ကြောင်း အတိုက်အခံ လွှတ်တော်အမတ်တွေကထောက်ပြဆွေးနွေးခဲ့တယ်လို့ သိရပါတယ်။

# ရမ်းဗြဲမြို့နယ်မီး အိမ် ၂၀၀ ပျက်စီး

**RFA ၊ နိုဝင်ဘာ ၂ ။** ။ ရခိုင်ပြည်နယ် ရမ်းဗြဲကျွန်း ရမ်းဗြဲမြို့နယ်က ရေလုပ်ငန်းနဲ့ အသက်မွေးမြူတဲ့ အိမ်ခြေ ၁၅၀၀ ရှိ ကျောက်နီ မော်ရွာကြီးမှာ မနေ့ညက မီးလောင်လို့ အိမ်ခြေ ၂၀၀ လောက် ပျက်စီးဆုံးရှုံးသွားတယ်လို့ သိရပါတယ်။

ရွှေပုစွန်ခြောက်လုပ်ဖို့ညဘက်ပုစွန်ပြုတ်ရာကနေလောင်ကျွမ်းကြောင်း ဒေသခံတစ်ဦးက ပြောပါတယ်။  ကျောက်နီမော်ကျေးရွာ ရဲကင်းကို ဆက်သွယ်မေးမြန်းရာမှာလည်း မီးလောင်မှု ဖြစ်ပွားကြောင်း၊ အိမ်ခြေ အပျက်အစီး အတိအကျမပြောနိုင်သေးကြောင်း၊ အတည်ပြုပြောဆိုပါတယ်။

မီးဘေးဒုက္ခသည်တွေကို    ကျေးရွာမူလတန်းကျောင်းတွေမှာ နေရာချထားပြီး ရပ်ရွာကပဲ လောလောဆယ် ထမင်းထုပ်တွေ ပို့ပေးတယ်လို့ သိရပါတယ်။ သက်ဆိုင်ရာ တာဝန်ရှိသူတွေနဲ့ ကယ်ဆယ်ရေးပစ္စည်းတွေကတော့ ခုထိ ရောက်မလာသေးဘူးလို့ သိရပါတယ်။

ကျောက်နီမော်ကျေးရွာဟာ ၁၉၉၈ ဖေဖော်ဝါရီလ ၁၅ ရက်က တစ်ကြိမ် မီးအကြီးအကျယ် လောင်ကျွမ်းခဲ့ပြီး အဲဒီတုန်းက အိမ်ခြေ ၁၂၀၀ လောက် ဆုံးရှုံးခဲ့တယ်လို့ သိရပါတယ်။

အဲဒီတုန်းက နိုင်ငံတော်က အကွက်ချ ပြန်လည် နေရာချထားပေးတဲ့ ပေ ၅၀ x ၃၀ မြေကွက်တွေကို ကျေးရွာ အာဏာပိုင် အဆက်ဆက်က တစ်ကွက်မှာ နှစ်လုံးကနေ သုံးလုံးထိ ဥပဒေမဲ့ ဆောက်လုပ်နေထိုင်ခွင့်ပေးတဲ့အတွက် အိမ်ခြေကျပ်ပြီး လွယ်လွယ်ကူကူ မီးကူးစက်ရတာလို့လည်း ဒေသခံတွေက ပြောဆိုပါတယ်။

# ထောင်တွင်း အစာငတ်ခံဆန္ဒပြသူများ စစ်ခွေးတိုက်ပို့ တိုက်ပိတ်ခံရ

**DVB ၊ အောက်တိုဘာ ၃၁ ။** ။ အင်းစိန်ထောင်တွင်း အစာငတ်ခံ ဆန္ဒပြနေတဲ့ နိုင်ငံရေးအကျဉ်းသား ၈ ဦး စစ်ခွေးတိုက် ပို့ခံထားရတယ်လို့ ထောင်တွင်းသတင်းအရ ကြားသိရကြောင်း အစာငတ်ခံဆန္ဒပြ ရာမှာပါဝင်တဲ့ ကိုညီညီထွန်းရဲ့ နမက ပြောပါတယ်။

"လူတွေ့ရော ပါဆယ်ပါ ပိတ်ထားတယ်။ အခြေအနေမေးကြည့်တဲ့အခါကျတော့ ထောင်တွင်းပြစ်ဒဏ်တခု ရှိတဲ့အတွက် ကြောင့်မို့လို့ ပါဆယ်ရော လူတွေ့တွေရော ပိတ်ထားတဲ့အကြောင်းပြောတယ်။ အပြင်က ဒီပြင်အမှုတွေနဲ့ သွားတွေ့ကြတဲ့ မိသားစုတွေထွက်လာကြပြီး ပြောတာကတော့ အထဲမှာ အစာငတ်ခံဆန္ဒပြကြတယ်ဆိုတာ အကျဉ်းသားတချို့လည်း ကြားတယ်လေ၊ သူတို့ဆီက ဘယ်လိုထွက်လာလဲဆိုတော့ စစ်ခွေးတိုက်ကိုရောက်နေတယ်လို့ ပြောတယ်။ သေသေချာချာတော့ သတင်းကို တိတိကျကျ မသိရဘူး။"

ကိုညီညီထွန်းဟာ ကန္တာရဝတီသတင်း အယ်ဒီတာဖြစ်ပြီး အင်းစိန်ထောင်မှာ ထောင် ၁၃ နှစ်ကျခံနေရသူ ဖြစ်ပါတယ်။ ကိုညီညီထွန်း၊ ကိုဉာဏ်ထွန်းလင်းတို့ အပါအဝင် နိုင်ငံရေးအကျဉ်းသား ၈ ဦးကို စနေနေ့က စစ်ခွေးတိုက် ပို့လိုက်တယ်လို့ နိုင်ငံရေးအကျဉ်းသား မိသားစုများ ကွန်ရက်က ကိုအောင်ဇော်ထွန်းကလည်း ပြောပါတယ်။

ထောင်တာဝန်ရှိသူတွေက အထက်ကအမိန့်အရအရေးယူထားလို့ ထောင်ဝင်စာတွေ့ခွင့် ပိတ်ထားတယ်လို့သာပြောပြီး ဘယ်အချိန်ထိ ပိတ်ထားသလဲ ဆိုတာသေချာမပြောလို့ လာမယ့် ကြာသပတေးနေ့မှာ ထောင်ဝင်စာ သွားတွေ့ဦးမယ်လို့လည်း ကိုညီညီထွန်းရဲ့နမက ဆိုပါတယ်။

အောက်တိုဘာ ၂၆ရက်ကစပြီး နိုင်ငံရေးအကျဉ်းသား လျှော့ရက်ပိတ်ထားတဲ့အပေါ် မကျေနပ်လို့ နိုင်ငံရေးအကျဉ်းသား ၁၅ ဦးက စတင်အစာငတ်ခံ ဆန္ဒပြခဲ့ကြပြီး ပြီးခဲ့တဲ့ အောက်တိုဘာ ၂၈ ရက်မှာ နောက်ထပ် ဆန္ဒပြအကျဉ်းသား ၂၀ ထပ်တိုးလာသလို ထောင်အာဏာပိုင်တွေကလည်း ပါဆယ်ပို့ခွင့်နဲ့ ထောင်ဝင်စာတွေ့ခွင့် ပိတ်လိုက်ပါတယ်။

နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်းအေအေပီပီဘီ က တွဲဘက်အတွင်းရေးမှူး ကိုဘိုကြည်က နိုင်ငံရေးအကျဉ်းသားတွေ အစာငတ်ခံဆန္ဒပြတဲ့အခါမျိုးမှာ ထောင်တာဝန်ရှိသူတွေက အခုလိုမျိုး လုပ်လေ့ရှိတဲ့အတွက် ကျန်းမာရေးချို့တဲ့နေတဲ့ နိုင်ငံရေးအကျဉ်းသားတွေ အသက်ဆုံးနိုင်တာကို အထူးစိုးရိမ်မိတယ်လို့ မှတ်ချက်ပေး ပြောဆိုပါတယ်။

အေအေပီပီရဲ့ စာရင်းတွေအရ အင်းစိန်ထောင်တွင်း အကျဉ်းကျနေတဲ့ နိုင်ငံရေးအကျဉ်းသားပေါင်း ၂၅၀ လောက်ရှိတယ်လို့သိရပါတယ်။

# နိုင်ငံရေးအကျဉ်းသား ၆၀၀ လွှတ်ဖွယ်ရှိ

**RFA ၊ နိုဝင်ဘာ ၃ ။** ။ နိုင်ငံရေးအကျဉ်းသား အနည်းဆုံး ၆၀၀ လောက်ကို သမ္မတဦးသိန်းစိန်က လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ထုတ်ပြန်ပေးမယ်လို့ နေပြည်တော်နဲ့ အန်အယ်လ်ဒီပါတီ အသိုင်း အဝိုင်းက သတင်းရပါတယ်။

အမည်မဖော်လိုတဲ့ အရာရှိတစ်ဦးကတော့ တန်ဆောင်မုန်း လပြည့်နေ့မှာဖြစ်နိုင်ကြောင်း အာအက်ဖ်အေကို ပြောပါတယ်။ နေပြည်တော်အစိုးရ ထိပ်တန်းအရာရှိတစ်ဦးကလည်း သမ္မတရဲ့ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ကြောင့် နိုင်ငံတော်တည်ဆောက်ရေးမှာ အကျိုးများစွာ ဖြစ်ထွန်းမယ်လို့ ယုံကြည်ကြောင်း အာအက်ဖ်အေကို ပြောပါတယ်။

လွတ်လာမယ့်သူတွေထဲမှာ ကိုကိုကြီး၊ မင်းကိုနိုင်၊ ဦးခွန်ထွန်းဦး စသူတွေပါဝင်ပြီး အခုလွှတ်ပေးမယ့် နိုင်ငံရေးအကျဉ်းသား စာရင်းကို သမ္မတ ဦးသိန်းစိန်က အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေး ကောင်စီကို တင်ပြခဲ့တယ်လို့လည်း သတင်းရပါတယ်။

အဲဒီလို နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးခြင်းအားဖြင့် တပ်မတော်သားများအပါအဝင် ပြည်သူပြည်သားအားလုံး အတွက်များစွာ အကျိုးရှိမှာဖြစ်ပါတယ်လို့ အန်အယ်လ်ဒီ ဒု-ဥက္ကဌဦးတင်ဦးက မှတ် ချက်ချပါတယ်။ အန်အယ်လ်ဒီက ပြုစုထားတဲ့ စာရင်းအရ မြန်မာနိုင်ငံမှာ နိုင်ငံရေးအကျဉ်းသား ၇၀၀ လောက်ရှိပြီး မြန်မာအစိုးရပြည်ထဲရေးဝန်ကြီးဌာနစာရင်းအရ ၆၀၀ လောက်ပဲ ရှိတယ်လို့ဆိုပါတယ်။

အဲဒီလို ကွာခြားချက်နဲ့ပတ်သက်လို့ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးအောင်ကြည်တို့ ပြီးခဲ့တဲ့လက တွေ့ဆုံဆွေးနွေးရာမှာ ညှိနှိုင်းခဲ့ကြတယ်လို့ အန်အယ်လ်ဒီ ခေါင်းဆောင်တစ်ဦးက အာအက်ဖ်အေကို ပြောပါတယ်။

# မလေးဝန်ကြီးချုပ်ဟောင်း ရန်ကုန်သွား

**RFA ၊ နိုဝင်ဘာ ၂ ။** ။ မြန်မာနိုင်ငံဟာ အာဆီယံနိုင်ငံတွေထဲမှာ ပိုမိုတက်ကြွတဲ့အခန်းကဏ္ဍကပါဝင်သင့်တယ်လို့ရန်ကုန်မြို့မှာရောက်နေတဲ့ မလေးရှားဝန်ကြီးချုပ်ဟောင်းဒေါက်တာ မဟာသီယာမိုဟာမက်က ပြောကြားလိုက်ပါတယ်။

အာဆီယံအဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ ဒေသ အကျိုးစီးပွားအတွက် တစ်သံတည်း အတူတကွ ရှိကြမယ်ဆိုရင် ပိုပြီးအကျိုးများ အောင်မြင်နိုင်မယ်လို့ ဒေါက်တာမဟာသီယာက ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ်မှာ မနေ့ကပြုလုပ်တဲ့ စီးပွားရေးဆွေးနွေးပွဲမှာပြောဆိုခဲ့တာပါ။

Globalisation လို ကမ္ဘာ့ဆန်လာခြင်းကြောင့် တိုးများလာတဲ့ ပြဿနာတွေကို ကျော်လွှားနိုင်ဖို့ ဆိုရင် ညီညွတ်ဖို့ လိုတယ်လို့ သူက ပြောပါတယ်။ ကမ္ဘာ့ဆန်လာခြင်းကြောင့် မိမိတို့ အာဆီယံနိုင်ငံတွေရဲ့ ထုတ်ကုန်ဈေးကွက်တွေ ကြီးမားကျယ်ပြန့်လာသလို တဘက်မှာလည်း ဆိုးကျိုးတွေရှိတယ်လို့ သူကပြောပါတယ်။ မနေ့က ဆွေးနွေးပွဲမှာ စီးပွားရေး ဆိုင်ရာ နားလည်မှု စာချွန်လွှာ ၄ ခု လက်မှတ်ရေးထိုးခဲ့တယ်လို့ သိရပါတယ်။

ဒီကနေ့ ညနေပိုင်းမှာတော့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ ဒေါက်တာ မဟာသီယာ တွေ့ဆုံဖို့ ရှိတယ်လို့ အန်အယ်လ်ဒီ ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းက အာအက်ဖ်အေကို အတည်ပြု ပြောဆိုပါတယ်။

မလေးရှားဝန်ကြီးချုပ်ဟောင်း ဒေါက်တာ မဟာသီယာဟာ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်-UMFCCI ရဲ့ဖိတ်ကြားချက်အရ မြန်မာနိုင်ငံကို ၃ ရက်ကြာရောက်နေတာပါ။

# မြန်မာနိုင်ငံခြားငွေလဲနှုန်း စနစ်အတွက် ပူးပေါင်းဆောင်ရွက်မည်ဟု IMF ပြော

**Mizzima ၊ နိုဝင်ဘာ ၂ ။** ။ မြန်မာနိုင်ငံ နိုင်ငံခြားငွေလဲလှယ်နှုန်းစနစ်ကို မူဝါဒများချမှတ်ဆောင်ရာ၌ ပူးပေါင်းဆောင်ရွက်မည်ဟု မြန်မာအစိုးရနှင့်အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF)၏ သီတင်းပတ်နှစ်ပတ်ခန့်ကြာ မြန်မာနိုင်ငံခရီးစဉ်အပြီးတွင်ပြောဆိုလိုက်သည်။

IMF အဖွဲ့မှ Mr. Ake Lonnberg ခေါင်းဆောင်သော ငွေကြေးဈေးကွက်နှင့် အရင်းအနှီး ဈေးကွက်ဌာန၊ ဥပဒေဌာနနှင့် အာရှ-ပစိဖိတ်ဌာနတို့ ပါဝင်သော မစ်ရှင်အဖွဲ့သည် အောက်တိုဘာလ ၁၉ ရက်နေ့မှ နိုဝင်ဘာလ ၁ ရက်နေ့ အထိ အစိုးရအရာရှိများ၊ ဘဏ်များ၊ နိုင်ငံပိုင်နှင့် ပုဂ္ဂလိက စီးပွားရေးကဏ္ဍတို့မှ ကိုယ်စားလှယ်များတို့အားနေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် တွေ့ဆုံခဲ့သည်။ မြန်မာနိုင်ငံတွင် တခုတည်း နိုင်ငံခြားငွေလဲလှယ်နှုန်း အသုံးပြုသည့် နိုင်ငံခြားငွေလဲလှယ်နှုန်းစနစ်ဆောင်ရွက်ရန် သွားရောက်လေ့ လာခဲ့ခြင်းဖြစ်သည်။

နိုင်ငံခြားငွေလဲလှယ်နှုန်း စနစ်ဖြစ်သော ဥပဒေမူဘောင်နှင့်ဈေးကွက်၌အမှန်တကယ် ကျင့်သုံးဆောင်ရွက်နေမှုများ၊ တည်ဆဲနိုင်ငံခြားငွေဆိုင်ရာ ကန့်သတ် တားမြစ်မှုများ၊ နိုင်ငံခြားငွေ လဲလှယ်နှုန်း အမျိုးမျိုးအသုံးပြုသောငွေကြေးဖလှယ်မှု အစီအစဉ်များတို့နှင့် ပတ်သက်သည့်ပြဿနာ ဇစ်မြစ်ကို ကနဦး လေ့လာ သုံးသပ်ရန်ဖြစ်သည်ဟု အင်္ဂါနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြထားသည်။

ထို့အပြင် အဖွဲ့ဝင်နိုင်ငံဖြစ်လာလျှင် IMF အဖွဲ့၏ သဘောတူခွင့်ပြုချက်မရရှိဘဲ "နိုင်ငံတကာ ငွေပေး၊ ငွေယူ ကိစ္စရပ်များအတွက် နိုင်ငံခြားငွေလဲလှယ်နှုန်းအမျိုးမျိုး အသုံးပြုသော ငွေကြေးဖလှယ်မှုအစီအစဉ်ကျင့်သုံးခြင်းမှရှောင်ရန်လိုသည်ကိုကြေညာချက်တွင်ထည့်သွင်းရေးသားထားသည်။

ပူးပေါင်းဆောင်ရွက်သည့်အနေဖြင့် နောက်ဆက်တွဲ လုပ်ငန်းစဉ်များကို IMF ဌာနချုပ်မှ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပြီး အဆိုပါမစ်ရှင်အဖွဲ့သည် လာမည့် ၂၀၁၂ အစောပိုင်း၌ မြန်မာနိုင်ငံသို့ ထပ်မံလာရောက်နိုင်မည်ဟုမျှော်လင့်ကြောင်း သတင်းစာတွင်ပါရှိသည်။

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ အခြေစိုက် IMF တွင် အဖွဲ့ဝင် ၁၈၇ နိုင်ငံပါဝင်ကာ ကမ္ဘာ့နိုင်ငံ အသီးသီး၏ငွေကြေးနှင့် ဘဏ္ဍာရေးမူဝါဒတည်ငြိမ်ရေး၊ အလုပ်အကိုင်အခွင့်အလမ်း ပေါ်ပေါက်ရေး ရေရှည်စီးပွားတိုးတက်ရေး၊ ဆင်းရဲမှုလျော့ချရေးတို့အတွက် ငွေကြေးနှင့်နည်းပညာများ အကူအညီပေးနေသည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် ဝန်ကြီး ဦးအောင်ကြည် ပြီးခဲ့သည့် တနင်္ဂနွေနေ့က စတုတ္ထအကြိမ်တွေ့ဆုံရာတွင် 'တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက် လာစေရန်အတွက် လွတ်လပ်စွာကုန်သွယ်ခွင့်၊ ကူးသန်းရောင်းဝယ်ခွင့်ရရှိရေးနှင့် လွတ်လပ်စွာ ငွေကြေး လည်ပတ်သုံးစွဲခွင့်ရရှိရေးတို့၏ အရေးကြီးမှုနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်' ဆွေးနွေးခဲ့ကြသည်ဟု ထုတ်ပြန်ခဲ့သည်။

လွန်ခဲ့သော ၁၉၅၂ ခုနှစ်ကတည်းက အဖွဲ့ဝင် နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအား IMF က ငွေကြေးထောက်ပံ့မှု ရပ်စဲထားသော်လည်း အဖွဲ့ဝင်နိုင်ငံများနှင့် သဘောတူမှု မူဝါဒအရ "အဖွဲ့ဝင်နိုင်ငံနှင့် စီးပွားရေးဖွံ့ဖြိုးမှု ဆွေးနွေးခြင်း၊ စီးပွားရေးဆိုင်ရာ တောင်းဆိုခွင့်ရှိသကဲ့သို့ ငွေကြေးစီမံခန့်ခွဲမှု စနစ်၊ ငွေလဲနှုန်း တည်ငြိမ်စေရေးတို့အတွက် နည်းပညာနှင့် အကြံဉာဏ်များ ပေးခွင့်ရှိ"နေသည်။

# ဗေဒါစေနတာစာသင်ကျောင်းသင်တန်းဆင်းပွဲ ဒေါ်အောင်ဆန်းစုကြည်တက်ရောက်

**RFA ၊ အောက်တိုဘာ ၃၁ ။** ။ ဒီကနေ့ မနက် ဆယ်နာရီက သဃ်န်းကျွန်းမြို့နယ်မှာ ကျင်းပတဲ့ ဗေဒါ အခမဲ့ ပညာရေးကျောင်း စာကြည့်တိုက်ဖွင့်ပွဲ နဲ့ သင်တန်းဆင်းပွဲ အခမ်းအနားကို ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ခဲ့ ပါတယ်။

ကျောင်းတည်ရှိရာ သဃ်န်းကျွန်းမြို့နယ် ၁၆/၃ ရပ်ကွက်၊ သုမနလမ်း၊ အမှတ် (၄၅၃) မှာကျင်းပခဲ့ရာ အမျိုးသားဒီမိုကရေ စီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ သူရဦးတင်ဦး၊ အဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူးဒေါ်အောင်ဆန်းစုကြည်၊ CRPP အတွင်းရေးမှူး ဦးအေးသာအောင်၊ ရန်ကုန်တိုင်း စည်းရုံးရေးကော်မတီတာဝန်ခံ ဦးစောနိုင်နိုင်နဲ့ မြို့နယ်ခေါင်းဆောင်တွေ၊ ဗေဒါကျောင်းကြီးကြပ်ရေးကော်မတီဝင်တွေ၊ ဆရာဆရာမတွေ တက်ရောက်ခဲ့ကြ ပါတယ်။

ဒီအခမ်းအနားကို ဒေါ်အောင်ဆန်းစုကြည် တက်ရောက်တယ်ဆိုတာသိကြလို့ ကျောင်းရှေ့မှာလာရောက်ကြိုဆိုကြတဲ့ပရိသတ်ငါးရာလောက်ရှိပြီး၊ ဒေါ်အောင်ဆန်းစုကြည်က အဲဒီပရိသတ်ကို ကျောင်းအပေါ်ထပ် ဝရံတာကနေ နှုတ်ခွန်းဆက် စကား ပြောကြား ခဲ့ပါတယ်။

အခုလိုသင်တန်းတွေဖွင့်လှစ်ရတာပြည်သူတွေပညာတိုးတက်ရရှိပြီး၊ တန်ဖိုးရှိသူတွေဖြစ်အောင် ရည်ရွယ်ကြောင်း ဦးဆုံးရှင်းလင်းပြောဆိုပါတယ်။ ဆက်လက်ပြီး ဒေါ်အောင်ဆန်းစုကြည်က တိုင်းပြည်တစ်ပြည်မှာ သဘာဝသယံဇာတတွေထက် ပြည်သူတွေက ပိုပြီးတန်ဖိုးရှိကြောင်း၊ ပြည်သူတွေ ကျန်းမာသန်စွမ်းပြီး ပညာတတ်မှတိုင်းပြည်တိုးတက်အောင် လုပ်ဆောင်နိုင်မှာဖြစ်ကြောင်း၊ ဒီလို စွမ်းဆောင်နိုင်အောင်၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်အောင် ဖြည့်ဆည်းပေးနေတာဖြစ်ကြောင်း နိုင်ငံရေးလုပ်သူတွေအနေနဲ့ပြည်သူ တွေအပေါ် တန်ဖိုးထားလေးစားရမှာဖြစ်ကြောင်း ပြောဆိုခဲ့ပါ တယ်။

အခမ်းအနားမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ သူရဦးတင်ဦးနဲ့ ဗေဒါကျောင်း ကြီးကြပ်ရေးအဖွဲ့ဝင် ဦးစိုးမြင့်တို့ ကလည်း အမှာစကား ပြောကြားပါတယ်။ သင်တန်းကြီးကြပ်ရေး ကော်မတီဝင်ဦးကိုကိုမြင့်နဲ့ကိုမျိုးရန်နောင်သိန်းတို့ကလည်း သင်တန်းနဲ့ပတ်သက်ပြီး ရှင်းလင်းပြောကြားကြပါတယ်။

အဲဒီနောက် နိုင်ငံရေးသိပ္ပံ အပတ်စဉ် (၈) တစ်လခွဲ သင်တန်းဆင်း ၂၆ ယောက်နဲ့လူမှု အဖွဲ့အစည်းများ ဖွဲ့စည်းပုံ သင်တန်းအပတ်စဉ် (၃) သင်တန်းဆင်း ၁၅ ယောက်၊ စုစုပေါင်း ၄၁ ယောက်ကို NLD ခေါင်းဆောင်များနဲ့ ကျောင်းကြီးကြပ်ရေး ကော်မတီဝင်တွေက သင်တန်းဆင်းလက်မှတ် ပေးအပ်လိုက်ပါတယ်။

# တောင်အာဖရိက စေ့စပ်ဆွေးနွေးရေးဖြစ်စဉ်

အပိုင်း ၅

**ယခင် အပတ်အဆက်**

**ခင်မမမျိုး**

အောင်ပွဲဆီသို့

ကြားဖြတ်အစိုးရဖွဲ့စည်းရေးအတွက် ဆွေးနွေးကြရာမှာ အစိုးရအဖွဲ့သစ်ကို ရွေးကောက်ပွဲပြုလုပ်ပြီး ရွေးချယ်ရေးနဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ကို အစိုးရအဖွဲ့သစ်က တာဝန်ခံရေးဆွဲရေးကိစ္စတွေကို သဘောတူညီမှုရခဲ့ကြပါတယ်။ ဒီလို ရွေးကောက်ပွဲပြုလုပ်ရာမှာ လဲ အုပ်ချုပ်နေဆဲအစိုးရကဝင်ရောက်စွက်ဖက်ထိန်းချုပ်မှုတွေလျော့နည်းဖို့သဘောတူညီခဲ့ကြပါတယ်။ ဒီသဘောတူညီချက်တွေပေါ်ထွက်လာ ဖို့အတွက် အုပ်ချုပ်နေဆဲအစိုးရက သူတို့ရဲ့ ရပ်တည်မှုကို အလျှော့ပေးခဲ့ကြရပါတယ်။ မင်ဒဲလားတို့ဘက်ကလဲ ကြားဖြတ်အစိုးရအုပ်ချုပ်နေဆဲကာလမှာ အမျိုးသားညွန့်ပေါင်းအစိုးရ အသွင်နဲ့အုပ်ချုပ်ရေး၊ရွေးကောက်ပွဲအနိုင်ရခဲ့ရင် အစိုးရဝန်ကြီးနေရာအချို့ကို အခြားပါတီများမှ ပါဝင်ခွင့်ပေး၍ ညွန့်ပေါင်းအစိုးရဖွဲ့စည်းရေးစတာတွေကို သဘောတူညီပေးခဲ့ရပါတယ်။ နှစ်ဘက်စလုံးက သူတို့ ရပ်တည်နေတဲ့ ရပ်တည်ချက်ကနေ အလျှော့ပေးခဲ့ကြပါတယ်။ ပမာဆိုရရင် မြစ်ကမ်းတဘက်တချက်မှာ မျဉ်းပြိုင်လျှောက်နေကြရာက လမ်းလျှောက်ခြင်းကိုရပ်တံ့ပြီး ပေါင်းကူးတံတားခင်းဖို့အတွက် နှစ်ဘက်စလုံးက ကြိုးပမ်းကြတာမျိုးဖြစ်ပါတယ်။

ငြိမ်းချမ်းစွာ ဆန္ဒပြပွဲများနဲ့ ပတ်သက်ပြီးတော့လဲ အစိုးရနဲ့ အေအင်စီတို့ နှစ်ဘက်စလုံးက အပေးအယူတွေ လုပ်ခဲ့ကြပါတယ်။ De Klerk က ပါတီများနဲ့ အဖွဲ့အစည်းများရဲ့ ငြိမ်းချမ်းစွာဆန္ဒပြခွင့်ကို အသိအမှတ်ပြုပေးပြီး၊ ဆန္ဒပြသူများနဲ့ စုရုံးလာသော လူထုများကို အစိုးရက ကာကွယ်စောင့်ရှောက်ပေးဖို့ သဘောတူညီခဲ့ပါတယ်။ မင်ဒဲလားတို့ဘက်ကလဲ အဓိကရုဏ်းတွေ၊ ထိပ်တိုက်ရင်ဆိုင်မှုတွေဖြစ်ပွားစေနိုင်တဲ့ ဒေသတွေမှာ ဆန္ဒပြခြင်းများကို ရှောင်ရှားနိုင်အောင် ကြိုးပမ်းဖို့ သဘောတူညီခဲ့ကြပါတယ်။ နှစ်ဘက်စလုံးက တောင်အာဖ ရိကရဲ့ common identity ကို ထောက်ခံပြီး ဆန္ဒပြခွင့်ကို အသိအမှတ်ပြုခဲ့ကြပါတယ်။ ဒီနည်းလမ်းနဲ့ မင်ဒဲလားဟာ De Klerk အစိုးရရဲ့ တရားဥပဒေစိုးမိုးရေးဆောင်ရွက်မှုများနဲ့ credibility. ရှိလာစေရေးကို ပံ့ပိုးပေးနိုင်ခဲ့ပါတယ်။

ဒီလို တဘက်နဲ့ တဘက် ကူညီပံ့ပိုးပြီး ဘုံအကျိုးစီးပွားအတွက် အစည်းအဝေးများ ကျင်းပနေဆဲမှာပဲ၊ ညစာစားပွဲများ၊ ပါတီများကိုလဲ နှစ်ဘက်ခေါင်းဆောင်များ၊စီးပွားရေးလုပ်ငန်းရှင်များနဲ့ပညာရှင်များက ကျင်းပခဲ့ကြပါတယ်။ ဒီလိုကျင်းပပေးပြီး ပဋိပက္ခဖြစ်ပွားခဲ့တဲ့ ဘက်နှစ်ဘက်ကခေါင်းဆောင်များကို တွေ့ဆုံစေခြင်းဖြင့် လူသားချင်းခင်မင်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှု၊ အတူတကွတိုင်ပင်ဆွေးနွေးမှုစတဲ့ အကျိုးကျေးဇူးတွေ ရရှိလာခဲ့ပါတယ်။နှစ်ဘက်စလုံးက စေ့စပ်ဆွေးနွေးမှုတွေဟာ တိုးတက်မှုတစုံတရာရှိလာစေတယ်ဆိုတာကို အသိအမှတ်ပြုထားခဲ့ကြပြီး၊ နောက်ပြန်ဆုတ်ပြီး အပြန်အလှန်ဆန့်ကျင်နေကြတဲ့ အနေထားကို ပြန်မရောက်သွားအောင် အလေးအနက် သတိထားခဲ့ကြပါတယ်။

စေ့စပ်ဆွေးနွေးရေးဖြစ်စဉ်ဆိုတာ အပြောလွယ်သလောက်အလုပ်ခက်တဲ့ ကိစ္စဖြစ်ပါတယ်။ ဒါကြောင့်လဲ နှစ်ဘက်စလုံးမှာ ကြိမ်ဖန်များစွာ တွေ့ဆုံဆွေးနွေးနေလို့ အကျိုးမရှိနိုင်တာကြောင့် ထိပ်တိုက်ပြန်လည်ရင်ဆိုင်မယ်လို့တွေးခဲ့သူတွေအများအပြားပါပဲ။ တခါတရံမှာ စေ့စပ်ဆွေးနွေးရေးဖြစ်စဉ်က ထင်သာမြင်သာတဲ့ ပြောင်းလဲမှုတွေ မဖြစ်ပဲ နှောင့်နှေးကြန့် လာနေသလိုတွေ ဖြစ်နေတတ်ပါသေးတယ်။ ဒီအချိန်တွေပဲ နှစ်ဘက်စလုံးက ခေါင်းဆောင်များကို နှစ်ဘက်စလုံးက အားမလို၊ အားမရတွေဖြစ်ပြီး၊ စားပွဲဝိုင်းပြင်ပ နိုင်ငံရေးလုပ်ငန်းဆောင်တာတွေဆီ ပြန်လည်ဆွဲခေါ်ဖို့ ကြိုးပမ်းမှုတွေ ရှိခဲ့ပါတယ်။ သို့ပေမယ့် ခေါင်းဆောင်တွေဟာ လူချင်းတွေ့ဆုံမှုတွေ၊ သတင်းစကားပါးမှုတွေ ပြုလုပ်ပြီး၊ စေ့စပ်ဆွေးနွေးရေးဖြစ်စဉ်အောင်မြင်စေနိုင်ရေးကိုသာ ကြိုးပမ်းခဲ့ကြပါတယ်။

ဒီလိုကြိုးပမ်းမှုတွေ ရှိနေဆဲမှာပဲ နိုင်ငံရေးအကြမ်းဖက်မှု တွေကတော့ ပေါ်ထွက်နေကြဆဲပါပဲ။ နှစ်ဘက်စလုံးမှာရှိတဲ့ နိုင်ငံရေးအစွန်းရောက်သူတွေက စေ့စပ်ဆွေးနွေးမှုကို လက်မခံပဲ ပျက်ပြားအောင် နည်းမျိုးစုံနဲ့ ဆန့်ကျင်လာကြပါတယ်။ (၁၉၉၂) ခုနှစ် အဆုံးပိုင်းကာလတွေမှာ လူမည်းစစ်သွေးကြွတွေက လူဖြူတွေကို စစ်ကြေငြာတိုက်ခိုက်မှုတွေလုပ်လာကြပါတယ်။(၁၉၉၃)ခုနှစ်ထဲမှာတော့ လူဖြူအစွန်းရောက်တွေက စေ့စပ်ဆွေးနွေးပွဲကျင်းပနေတဲ့ နေရာကို ဝင်ရောက်စီးနင်းပြီး၊ စေ့စပ်ဆွေးနွေးနေသူတွေကိုဝိုင်းဝန်းတိုက်ခိုက်ခဲ့တာကြောင့် လူအများအပြား ဒဏ်ရာရခဲ့ကြပါတယ်။

(၁၉၉၃) ခုနှစ်၊ အေပြီလ (၁၀) ရက်နေ့မှာတော့ အေအင်စီခေါင်းဆောင် Chris Hani ကို လူဖြူအစွန်းရောက်တဦးက လုပ်ကြံသတ်ဖြတ်ခဲ့ပါတယ်။ ဒီအရေးနဲ့ပတ်သက်ပြီး လူမည်းတွေက မကျေနပ်တာကြောင့် Southern Cape ကို စုဝေးချီတက်ပြီး၊ စက်ရုံနှစ်ရုံကို မီးရှို့ပစ်လိုက်ပါတယ်။ ဒီအခြေအနေတွေကနေ တဘက်နဲ့တဘက် တင်းမာမှုတွေ ပြန်ဖြစ်လာနိုင်တာကြောင့် ကမ္ဘာ့ကုလသမဂ္ဂ ကိုယ်စားလှယ်များ၊ ဒေသဆိုင်ရာ ငြိမ်းချမ်းရေးကော်မတီ၊ လူမည်း community leaders တွေ စုဝေးပြီး၊ ယာယီငြိမ်းချမ်းရေးကော်မတီ တရပ်ဖွဲ့စည်းဆောင်ရွက်ခဲ့ကြတာကြောင့် လေးပတ်ခန့်အတွင်းမှာတင် အဲဒီနယ်မှာ တည်ငြိမ်အေးချမ်းမှု ပြန်ရသွားခဲ့ပါတယ်။

မင်ဒဲလားကလဲ တတိုင်းပြည်လုံးက လူမည်းတွေကို အေးဆေးတည်ငြိမ်စွာနေကြဖို့ မိန့်ခွန်းမြွက်ကြားခဲ့ပါတယ်။ ဒါပေမယ့် နိုင်ငံရေးအစွန်းရောက်သူတွေရဲ့ လှုပ်ရှားမှုတွေကတော့ မရပ်တန့်သွားသေးပါဘူး။ (၁၉၉၃) ခုနှစ်၊ ဇူလိုင်လနဲ့ ဩဂုတ်လတွေမှာ နိုင်ငံရေးအကြမ်းဖက်မှုကြောင့် သေဆုံးသူ (၁၀၀၀) ကျော်ရှိခဲ့ပါတယ်။ (၁၉၉၄) ခုနှစ်မှာတော့ စေ့စပ်ဆွေးနွေးရေးကာလအတွင်း နိုင်ငံရေးအရသေဆုံးသူစုစုပေါင်း တသောင်းသုံးထောင်ကျော်ရှိနေခဲ့ပါတယ်။

**စာမျက်နှာ ၁၈ သို့**

# မြန်မာအစိုးရကို ဖိအားပေးဖို့ ကုလသမဂ္ဂကို ကရင်အစည်းအရုံးက တောင်းဆို

**VOA ၊ နိုဝင်ဘာ ၃ ။** ။ ကုလသမဂ္ဂ၊ အထွေထွေအတွင်းရေးမှူးချုပ်ရဲ့ မြန်မာနိုင်ငံ အထူးအကြံပေး မစ္စတာဗီဂျေးနမ်ဘီးယားမြန်မာပြည်ကို ရောက်ရှိနေတဲ့အချိန်မှာပဲ တိုင်းရင်းသားလူမျိုးစု လက်နက်ကိုင်အဖွဲ့ တခုဖြစ်တဲ့ ကရင်အမျိုးသားအစည်းအရုံး KNU က မြန်မာအစိုးရအနေနဲ့ တိုင်းရင်းသားလူမျိုးစုတွေအပေါ် တိုးမြှင့်တိုက်ခိုက်နေတာတွေကို ဟန့်တားပေးဖို့ နိုင်ငံတကာအဖွဲ့အစည်းတွေကို တောင်းဆိုလိုက်ပါတယ်။

ကုသမဂ္ဂအပါဝင် နိုင်ငံတကာအဖွဲ့အစည်းတွေအနေနဲ့ မြန်မာအစိုးရက လူမျိုးစုတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေအပေါ် ထိုးစစ်ဆင်တိုက်ခိုက်နေတာကို ရပ်တန့်သွားအောင် ဖိအားပေးပေးဖို့ ကရင်အမျိုးသား အစည်းရုံး KNU အဖွဲ့က ကြေညာချက်ထုတ်ပြီး တောင်းဆိုလိုက်တာဖြစ်ပါတယ်။

အစိုးရတပ်က တိုက်ပွဲဖြစ်ပွားနေတဲ့အရပ်ဒေသတွေမှာ လက်နက်ကိုင်တိုက်ခိုက်နေသူ အချင်းချင်းသာမကဘဲ အပြစ်မဲ့ ရွာသူရွာသားတွေကိုပါသတ်ဖြတ်နေတာတွေ ကြုံတွေ့နေရတယ်၊ လူတွေဒုက္ခရောက်နေကြတယ်၊ ဒါကြောင့် နိုင်ငံတကာကို အကူညီတောင်းခံရတာဖြစ်တယ်လို့ KNU အဖွဲ့ရဲ့ အမေရိကန်ပြည်ထောင်စု ကိုယ်စားလှယ် မိုင်ရာ ဒါဂေးဖေါ ကပြောပါတယ်။

"International Community ကိုအကူညီတောင်းမယ် ဥပမာ UN တို့ US တို့ EU တို့ပေါ့နော်။ တခုရှိတာကတော့ အစိုးရကို ဖိအားပေးပါ။ အဲဒီအပစ်အခတ်ရပ်စဲရေးကိုလုပ်ကို လုပ်သင့်ရမယ်။ အခုသူတို့ရန်သူကို သူတို့သတ်ပစ်မှာမှမဟုတ်ပဲ၊ အဲဒီမှာ ရွာသားတွေက ရွာသားတွေက သူတို့ရန်သူမဟုတ်ဘဲနဲ့ အသတ်ခံရတယ်။ အဲဒါကြောင့် ဘာပဲဖြစ်ဖြစ် International Community ကတော့ အစိုးရကို ဖိအားပေးတာ လုပ်ပေးရမယ်၊ အပစ်အခတ်ရပ်စဲတာရှိကိုရှိရမယ်"

အခုအချိန်မှာ ကရင်လူမျိုးစုနဲ့သာမကဘဲ ကချင်၊ ရှမ်းအစရှိတဲ့ လူမျိုးစုဒေသတွေမှာပါ တိုက်ပွဲတွေဖြစ်ပွားနေပြီး စစ်ကြောင့် အတိဒုက္ခရောက်နေတဲ့ ပြည်သူလူထု အရေအတွက်ဟာ ၂၀,၀၀၀ ကျော် ရှိနေပြီး ခိုကိုးရာမဲ့ အကူညီမဲ့ဖြစ်နေကြရတယ်လို့လည်း သူကပြောပါတယ်။

"အခုကတော့ ဒို့ကရင်ပြည်နယ် တပြည်နယ်ထဲ မဟုတ်ပဲနဲ့ ကချင်ပြည်နယ်တို့ ရှမ်းပြည်နယ်တောင်ပိုင်းတို့မှာလည်း တော်တော်များများရှိတယ်။ ပြီးတော့ internally displace တွေလည်းတော်တော်များလာတယ်၊ ပြီးတော့ အဲဒီရင်ဆိုင်နေရတဲ့လူတွေမှာဒုက္ခသည်စခန်းထဲ ဝင်ရအောင်လည်း နေရာမရှိ၊ ပြီးတော့ အစားအသောက်တွေရဖို့ လမ်းတွေဘာတွေကလည်းမရှိ၊ အဲဒီလိုမျိုးကြောင့် ကျမတို့လည်း သူတို့ကိစ္စ စိတ်ပူတာပေါ့နော်"

စစ်ဘေးဒဏ်ခံနေရတဲ့အရပ်မှာ လူသားတွေကို အကာအကွယ်အဖြစ် အသုံးချတာ၊ အတင်းအဓမ္မ အလုပ်စေခိုင်းတာ အဓမ္မပြုကျင့်တာ အစရှိတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေ ကြုံနေကြရတယ်လို့ ဆိုပါတယ်။ ငြိမ်းငြိမ်းချမ်းချမ်းနေချင်တဲ့ တိုင်းရင်းသားတွေ လူနည်းစုတွေအတွက်အမျိုးသားရင်ကြားစေ့ရေးဆွေးနွေးပွဲဖြစ်မြောက်အောင်ဖိအားပေးကြဖို့လည်း တောင်းဆိုပါတယ်။

"နောက်တခုကတော့ ငြိမ်းငြိမ်းချမ်းချမ်းနေထိုင်ချင်လို့ ethnic reconciliation မလုပ်ဘူးဆိုရင် ဘာပဲဖြစ်ဖြစ်မြန်မာပြည် နောက်ဆက်တွဲအတွက် ငြိမ်းချမ်းရေးလည်းမရှိနိုင်ဘူး၊ အဲဒါကြောင့် political အနေနဲ့ထိုင်ပြီးတော့ ဆွေးနွေးကြပါ၊ အဲလိုမျိုးလည်းသူတို့ မလုပ်ချင်ဘူး။ ဒါပေမယ့် အဲဒီလို national reconciliation လုပ်ကိုလုပ်သင့်တယ်။ အဲဒါကြောင့် အဲဒီတခုကိုလည်း မြန်မာပြည်အစိုးရကို ကျေးဇူးပြုပြီး ဖိအားပေးပါလို့ အဲဒါလည်း တောင်းဆိုချင်ပါတယ်"

KNU ရဲ့ ကိုယ်စားလှယ် မိုင်ရာ ဒါဂေးဖေါ ပြောသွားတာပါ။

တိုင်းရင်းသားလူမျိုးစုလက်နက်ကိုင်အဖွဲ့တွေဟာပြီးခဲ့တဲ့ဇူလိုင်လတုန်းက သမ္မတကြီး ဦးသိန်းစိန် ထံကို ငြိမ်းချမ်းရေး စကားပြောဆိုဖို့ ကမ်းလှမ်းတောင်းဆိုခဲ့ပါတယ်။ ဒါပေမယ့် ငြိမ်းချမ်းရေးစကား ပြောဆိုဖို့ ကမ်းလှမ်းတာကို လူမျိုးစုတိုင်းရင်းသား လက်နက်ကိုင်တွေအပေါ် အရှိန်ဟုန်မြှင့်ပြီး ထိုးစစ်ဆင်တိုက်ခိုက်မှုနဲ့ တုံ့ပြန်ခဲ့တယ်လို့ ကရင်အမျိုးသားအစည်းအရုံး KNU အဖွဲ့ကပြောပါတယ်။

---

**စာမျက်နှာ ၁၇ မှ**

ဒီလိုတင်းမာမှုတွေ၊မြိမ်းခြောက်မှုတွေ၊ကြောက်ရွံ့မှုတွေ၊သတ်ဖြတ်မှုတွေအကြားမှာပဲ နှစ်ဘက်စလုံးက ခေါင်းဆောင်တွေဟာ ဘုံအကျိုးစီးပွားရရှိရေးအတွက် မဆုတ်မနစ် ကြိုးပမ်းခဲ့ကြ ပါတယ်။ကြားဖြတ် အစိုးရအုပ်ချုပ်ရေးကာလမှာကျင့်သုံးဖို့ အတွက် Interim Constitution တရပ်ကို ရေးဆွဲနိုင်ခဲ့ကြပြီး၊ ကြားဖြတ်အစိုးရ ဖွဲ့စည်းရေးဆိုင်ရာ သဘောတူညီချက်များကိုလဲ ချမှတ်နိုင်ခဲ့ကြပါတယ်။ ဒီသဘောတူညီချက်တွေအရ ပြည်သူလူထုက တိုက်ရိုက်ရွေးချယ်ထားတဲ့ Constituent Assembly ဟာ ကြားဖြတ်ပါလီမန်အဖြစ်တာဝန်ယူပြီး၊ နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် အဓိကကျတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ရေးဆွဲရမှာဖြစ်ပါတယ်။ ဒီလိုရေးဆွဲရာမှာ Constitutional Court က ကြီးကြပ်ဆောင်ရွက်ရမှာဖြစ်ပါတယ်။

Executive power မှာတော့ electoral strength ပေါ်မှာ မူတည်ပြီး ရွေးချယ်ထားတဲ့ ကက်ဘိနက်ဝန်ကြီးများပါဝင်သော အမျိုးသားညီညွတ်ရေးညွန့်ပေါင်းအစိုးရက အာဏာကျင့်သုံးပြီး၊ အစိုးရအဖွဲ့အကြီးအကဲဖြစ်တဲ့ တိုင်းပြည်ရဲ့သမ္မတကိုတော့ ပြည်သူလူထုက တိုက် ရိုက်ရွေးချယ်ထားတဲ့ Constituent Assembly က ရွေးချယ်ခန့်ထားရမှာ ဖြစ်ပါတယ်။

စီးပွားရေးမူဝါဒအရလဲ ဈေးကွက်စီးပွားရေးစနစ်နဲ့အတူဆင်းရဲနွမ်းပါးသူများကို ကူညီပံ့ပိုးမှုများ ပူးတွဲဆောင်ရွက်တဲ့ mixed economic system ကို အသုံးပြုဖို့ သဘောတူညီခဲ့ကြပါတယ်။ မြို့နယ်တွေအလိုက် အစိုးရအသုံးစရိတ်များ တိုးမြှင့်ဆောင်ရွက်ပေးရေး၊ လူဖြူများရဲ့ စီးပွားရေးလုပ်ငန်းများအား အနှောင့်အယှက်မဖြစ်စေရေး စတာတွေကိုလဲ သဘောတူခဲ့ကြပါတယ်။ နှစ်ဘက်စလုံးဟာ တဘက်နဲ့တဘက်ရဲ့ အခြေခံအကျိုးစီးပွားတွေ၊ လိုအပ်ချက်တွေကို အပြန်အလှန်အသိအမှတ် ပြုလာကြပါတယ်။

**ဆက်လက်ဖော်ပြပါမည်**

# KNU နှင့် DKBA အစိုးရကိုယ်စားလှယ် တို့ မော်လမြိုင်တွင် တွေ့ဆုံ ဆွေးနွေး

**Mizzima ၊ အောက်တိုဘာ ၃၁ ။** ။ ကရင်အမျိုးသားအစည်းအရုံး KNU နှင့် တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး DKBA တို့သည် ယခုလအတွင်း အစိုးရကိုယ်စားလှယ်များအား ထိုင်းနိုင်ငံ ဘန်ကောက်နှင့် မွန်ပြည်နယ်၊ မော်လမြိုင်မြို့တို့တွင် တွေ့ဆုံခဲ့ကြောင်း ကာယကံရှင်များက ပြောသည်။

KNU နှင့် တွေ့ဆုံမှုတွင် သဘောတူညီမှု တစုံတရာမ ရှိသော်လည်း DKBA နှင့် ဆွေးနွေးရာတွင်မူ လတ်တလော နစ် ဘကတပ်များကို တပ်ထိုင်နယ်မြေမှ အဝေးသို့ လှုပ်ရှားမှုများ မပြုရန်သဘောတူခဲ့ကြသည်။ KNU က အောက်တိုဘာလဆန်းတွင် ရထားပို့ဆောင်ရေးဝန်ကြီးဦးအောင်မင်း၊ ဗိုလ်ချုပ် (ငြိမ်း) ချစ်သန်းတို့နှင့် ဘန်ကောက်မြို့တွင် တွေ့ခဲ့ကြောင်း KNU အရာရှိတဦးက မဖျှမသို့ ပြောသော်လည်း အသေးစိတ်ကိုမူ ပြောဆိုခြင်းမရှိပါ။

သမ္မတဦးသိန်းစိန် ထုတ်ပြန်ထားသကဲ့သို့ တဖွဲ့ချင်းသာ ပြည်နယ်အဆင့် အစိုးရများကိုဆက်သွယ်ရန် ဦးအောင်မင်းနှင့် အဖွဲ့က ပြောဆိုပြီး KNU ကမူ ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ UNFC အနေဖြင့်သာ ဆွေးနွေးမည်ဟု ပြန်ကြားလိုက်သည်ဟု ဆိုသည်။

"တွေ့တော့ တွေ့တယ်။ တိတိကျကျတော့ ဘာမှမပြောရသေးဘူးပေါ့။ (KNU) က ဖြစ်စေချင်တာကတော့ UNFC နဲ့ တွေ့ဖို့ပေါ့။ သူတို့ကတော့ တဖွဲ့ချင်းနဲ့ တွေ့ဆုံချင်တာပေါ့။" ဟု KNU အရာရှိက ပြောသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဦးအောင်မင်းမှာ အစိုးရအဖွဲ့တွင်းသဘောထား ပျော့ပြောင်းသူအဖြစ် ညွှန်းဆိုခံရလေ့ရှိပြီး အငြိမ်းစား ဗိုလ်ချုပ်ချစ်သန်းမှာ ကရင်ရေးရာတွင် ကျွမ်းကျင်သူတဦးဖြစ်သည်။ ဦးအောင်မင်းသည် စနေနေ့ ကပြုလုပ်သော ပြည်တော်ပြန် သီးလေးသီး အဖွဲ့သားအချို့ပါဝင်သော မျှော်စင်ကျွန်း ဖျော်ဖြေပွဲသို့ သွားရောက်ခဲ့သေးသည်။

ဦးအောင်မင်း၏ ဘန်ကောက်ခရီးစဉ်တွင် စီးပွားရေးလုပ်ငန်းရှင်များလည်းလိုက်ပါလာရာ တနင်္သာရီတိုင်း ထားဝယ်မြို့တွင်အီတာလျံ-ထိုင်းကုမ္ပဏီက အကောင်အထည်ဖော်မည့် ထားဝယ်ဖွံ့ဖြိုးမှုစီမံကိန်းနှင့်လည်းပတ်သက်နိုင်သည်ဟု လေ့လာသူများက သုံးသပ်ထားကြသည်။ ထားဝယ်ဖွံ့ဖြိုးမှု စီမံကိန်းအောက်ရှိ ထားဝယ်-ကန်ချနဘူရီ အဝေးပြေးကားလမ်း ဖောက်လုပ်မှုမှာ သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်သည်ဆိုသော ဒေသခံအချို့၏ စိုးရိမ်ချက်ဖြင့် ကရင်အမျိုးသားအစည်းအရုံးက စက်တင်ဘာလလယ်က တားမြစ်ခဲ့သေးသည်။

စက်တင်ဘာလ နှောင်းပိုင်းကလည်း KNU ကို ကရင်ပြည်နယ် အစိုးရလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်လွင် ဦးဆောင်သည့်အဖွဲ့ကထိုင်း-မြန်မာနယ်စပ်တနေရာတွင်လာရောက်တွေ့ဆုံခဲ့သေးသော်လည်း ဗဟိုအစိုးရနှင့်သာ ဆွေးနွေးလိုကြောင်း KNU က အကြောင်းပြန်လိုက်သည်ဟု သိရသည်။

KNU ကို ပြည်ထောင်စုအဆင့်က တွေ့ဆုံရန် ငြင်းနေဆဲတွင် DKBA ကိုမူ အောက်တိုဘာလ ၂၆ ရက်နေ့က မော်လမြိုင်မြို့၌ ပြည်ထောင်စုအဆင့်ကိုယ်စားလှယ်များဖြစ်သည့် ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီ အတွင်းရေးမှူး-၁ ဦးအောင်သောင်း၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်တို့က လက်ခံတွေ့ဆုံခဲ့သည်။

တွေ့ဆုံမှုက နယ်မြေကျော် မလှုပ်ရှားရေး သဘောတူညီခဲ့ပြီး ကရင်ပြည်နယ်မြို့တော် ဘားအံအပါအဝင် ကြာအင်းဆိပ်ကြီး၊ ဘုရားသုံးဆူ၊ ကျိုက်တုံ၊ ကော့ကရိတ်၊ မြဝတီမြို့နယ်များတွင် DKBA ရုံးများ ဖွင့်လှစ်ခွင့်ပြုရန် သမ္မတထံသို့ တဆင့်တင်ပြခဲ့သည်ဟု တွေ့ဆုံပွဲတွင် ပါဝင်သူ DKBA ဒုဦးစီးချုပ် ဗိုလ်မှူးချုပ် မိုရှေးက ပြောသည်။

"ဥပမာ သဘောဘိုးခွင်ဆိုရင် လက်ရှိအစိုးရတပ်က ထိုင်တယ်။ သူကလည်း လှုပ်ရှားမှုကို အဝေးကို မရှိဘူးဆိုရင် ဘာမှ ပြဿနာမရှိဘူး။ ကျနော်တို့ဘက်ကလည်း တခြမ်းယူထားတယ် အဝေးကို မသွားဘူးဆိုရင် ပြဿနာမရှိဘူးပေါ့။" ဟုသူက ပြောသည်။

မော်လမြိုင်မြို့တွင် တွေ့ဆုံရာ၌ ကရင်ပြည်နယ် အစိုးရလုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်လွင်၊ အရှေ့တောင် တိုင်းတိုင်းမှူး ဗိုလ်ချုပ်ဝင်းအောင်လှိုင်၊ ကရင်ပြည်နယ် ဝန်ကြီးချုပ်ဦးဇော်မင်း တို့လည်းပါဝင်သည်။ DKBA ဘက်က ဒုစစ်ဦးစီး ချုပ်ဗိုလ်မှူး ချုပ်မိုရှေး၊ စစ်ရေးချုပ်ရုံးမှ ဗိုလ်မှူးစိန်ဝင်း၊ ထောက်လှမ်းရေးအရာရှိ ဗိုလ်ကြီးပိဒါး တို့ သုံးဦးဖြစ်သည်။

DKBA သည် ၁၉၉၄ ခုတွင် ကရင်အမျိုးသားအစည်းအရုံး KNU ခွဲထွက်ခဲ့ပြီးနောက် ဗိုလ်မှူးကြီးစောချစ်သူ ဦးဆောင်သည့် DK BA များမှာ၂၀၁၀ ခု ဩဂုတ်လ ၁၈ ရက်တွင် နယ်ခြားစောင့်တပ် တပ်ရင်း ၁၀၁၂၊ ၁၀၁၃ နှင့် ၁၀၁၄ တို့အဖြစ် အစိုးရ ပြည်ထဲရေးဝန်ကြီးဌာနအောက်တွင် ပြောင်းလဲ ရပ်တည်နေကြသည်။

ဗိုလ်မှူးချုပ်စောလားဘွယ်ဦးဆောင်သည့် DKBA က ၂၀၁၀ နိုဝင်ဘာ ၈ ရက်၊ ရွေးကောက်ပွဲအပြီး နောက်တနေ့မှစ၍ အစိုးရကို တနစ်ကြာ ပြန်လည်တိုက်ခိုက်ခဲ့ပြီးနောက် ပထမဆုံးအကြိမ် အပစ်ရပ်ရန် ပဏာမဆွေးနွေးကြခြင်းဖြစ်သည်။ ဗိုလ်မှူးကြီးစောချစ်သူအဖွဲ့နှင့် ပတ်သက်၍ ထည့်သွင်း ဆွေးနွေး ကြခြင်းမရှိသကဲ့သို့ ဗိုလ်မှူးချုပ်စောလားဘွယ်ဦးဆောင်သည့် DKBAကိုနယ်ခြားစောင့်တပ်အသွင်ပြောင်းရန်ပြောဆိုကြခြင်း မရှိကြောင်းသိရသည်။

"BGFကိုအတင်းအကျပ် လုပ်ခိုင်းမယ်ဆိုလည်း နောက်ဒါထက်ဆိုးတဲ့ အနေအထားပဲ ရောက်သွားမှာပါ။" ဟု ဗိုလ်မှူးချုပ်မို ရှေးက ဆိုသည်။ ၂၀၁၀ ခု ဩဂုတ်လ ၁၈ ရက်တွင် နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းသွားရာတွင် မပါဝင်ပဲ ကျန်ခဲ့သည့် DKBA တပ်ဖွဲ့ဝင်များကို စုစည်းပြီး ၂၀၁၀ ခု ၉ လပိုင်းတွင် ပြန်လည်ဖွဲ့စည်းရာ ဗိုလ်မှူးချုပ်မိုရှေးသည် တပ်ရင်းမှူးအဆင့်မှ ဒုစစ်ဦးစီးချုပ်တာဝန်ပေး အပ်ခံရသည်ဟု သိရသည်။

DKAB နှင့် အစိုးရ ကိုယ်စားလှယ်များအကြား တွေ့ဆုံပွဲများ ဆက်လက်ပြုလုပ်သွားရန် အစီအစဉ်ရှိသော်လည်း အစိုးရဘက်က အကြောင်းပြန်ကြားမှုကို စောင့်နေသည်ဟု ဆိုသည်။

အောက်တိုဘာ ၂၃ ရက်နေ့က ထိုင်း-မြန်မာနယ်စပ် KNU တပ်မဟာ-၆နယ်မြေသေ့ဘောဘိုးရွာနှင့်တောင်နီရွာအကြားတွင်အစိုးရတပ်များကို မိုင်းထောင် တိုက်ခဲ့သေးသည်ဟု သူကပြောသည်။

# လွှတ်တော်ဥက္ကဋ္ဌဆုံးဖြတ်ချက်ကို အမျိုးသားလွှတ်က အတည်ပြု

**RFA ၊ နိုဝင်ဘာ ၃ ။** ။ ဥပဒေမူကြမ်းတွေ စိစစ်ပေးဖို့ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးကိုတင်ပြရေး ပြည်သူ့လွှတ်တော်က ကန့်ကွက်ပယ်ချခဲ့ပေမဲ့အမျိုးသားလွှတ်တော်က အတည်ပြုလိုက်ကြောင်းသိရပါတယ်။

ပြည်ထောင်စုလွှတ်တော် ဥက္ကဋ္ဌဦးခင်အောင်မြင့် ဆုံးဖြတ်အတည်ပြုခဲ့တာကို ပြီးခဲ့တဲ့ရက်က ပြည်သူ့လွှတ်တော်မှာ ကန့်ကွက်ခဲ့တာကြောင့် မနေ့ကကျင်းပတဲ့ အမျိုးသားလွှတ်တော် အစည်းအဝေးမှာ ဒီအဆိုကို ဆွေးနွေးခဲ့ကြပြီး အများစုရဲ့ထောက်ခံချက်နဲ့ အတည်ပြုလိုက်တာဖြစ်ကြောင်း ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ RNDP ဥက္ကဋ္ဌအမျိုးသားလွှတ်တော်အမတ် ဒေါက်တာအေးမောင်ကRFA ကို ပြောပါတယ်။

"အခြေခံဥပဒေဆိုင်ရာနဲ့ပတ်သက်လို့ ခုံရုံးဟာ အခုကတည်းက တိုင်ပင်စရာမလိုဘူး။ ပူးပေါင်းကော်မီတီက ဥပဒေအဖြစ် ပြဋ္ဌာန်းပေးသေးတာမဟုတ်ဘူး။ လွှတ်တော်နှစ်ရပ်ရဲ့ ပူးပေါင်းကော်မီတီ ပြည်ထောင်စုလွှတ်တော်ဆိုတာ ဥပဒေပြုခွင့်အာဏာရှိတယ်။ အဲဒါကြောင့် မိမိတို့ရဲ့ပြဋ္ဌာန်းပြီးသားဥပဒေကိုမှသာလျှင် ညီညွတ်မှုရှိမရှိကို ခုံရုံးကစိစစ်ပါ၊ အခုကတည်းက ဒီလိုဝေါဟာရသုံးခွင့် ရှိမရှိပေးပို့နေရရင် ခုံရုံးအောက်ကို လွှတ်တော်ရောက်သွားသလို ဖြစ်မယ်ဆိုတဲ့အမြင်နဲ့ ပြည်သူ့လွှတ်တော်က ကြည့်တယ်။ အမျိုးသားလွှတ်တော်ကတော့ ခုကတည်းကပို့ရင် နောက်စိစစ်စရာမလိုတော့ဘူး။ စိစစ်ရင်လည်း ကွဲလွဲမှု လျော့သွားနိုင်တယ်လို့ မြင်တယ်။ အဲဒီ နှစ်ခုမှာ အမိကကွဲလွဲတာပါ။"

ဒီအဆိုနဲ့ပတ်သက်ပြီး အမျိုးသားလွှတ်တော်နဲ့ ပြည်သူ့လွှတ်တော်ကြား သဘောထားကွဲလွဲကြတဲ့အချက်ကိုလည်း ဒေါက်တာအေးမောင်က ရှင်းပြပါတယ်။

" 'ပြည်ထောင်စုလွှတ်တော်က အတည်ပြုသော သို့မဟုတ် အတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်းများကို နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုး ထုတ်ပြန်ရေးအတွက် ပေးပို့ခြင်း မပြုမီဥပဒေကြမ်း ပူးပေါင်းကော်မီတီအား စိစစ်စေပြီး နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိမရှိ သံသယရှိသော ကိစ္စရပ်များ ပါဝင်ပါကယင်းဥပဒေကြမ်းများကို စိစစ်နိုင်ရေးအတွက် နိုင်ငံတော်ဥပဒေဆိုင်ရာခုံရုံးသို့ ပေးပို့ရန်ဆုံးဖြတ်ခြင်းကို ထောက်ခံကြောင်း'ဆိုတာ မနေ့က အမျိုးသားလွှတ်တော်မှာ အဆိုတင်တယ်၊ ဆွေးနွေးကြပါတယ်။ သုံးဦးလောက်ကလွဲပြီး ကျန်တဲ့ပုဂ္ဂိုလ်တွေက ထောက်ခံဆွေးနွေးကြပါတယ်။"

ဥပဒေပြုရေးမှာ လွှတ်တော်ကသာ ဆုံးဖြတ်ရမှာဖြစ်တဲ့အတွက် ဥပဒေကြမ်းတွေကို စိစစ်ပေးဖို့ အခြေခံဥပဒေဆိုင်ရာခုံရုံးကို တင်ပြတာဟာ လွှတ်တော်ရဲ့ အခွင့်အာဏာကို ထိပါးရာ ရောက်တယ်လို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် (၇) ဦးက ဆွေးနွေးကြပြီး အများစုရဲ့ဆန္ဒနဲ့ အဲဒီအဆိုကို ပယ်ချခဲ့တာဖြစ်ကြောင်း ပြီးခဲ့တဲ့ရက်ပိုင်းက ပြည်သူ့လွှတ်တော်အမတ် ဦးသိန်းညွန့်က အာအက်ဖ်အေကို ပြောကြားခဲ့ပါတယ်။

Voice of Burma


**APTO 502**
**7-18-1 Takinogawa**
**Kita Ku, Tokyo**
**Japan. 114 - 0023**

**Tel/Fax: 81 3-3949-3919**
**E-mail: sayarkway@yahoo.com**
**koko@gol.com**


**၁၉၉၅ ခု အောက်တိုဘာလ မှ စတင်၍ အပတ်စဉ်ထုတ်ဝေသည်**